
# ၁၃၈၇-ခုနှစ်၊ (၂၀၂၅) ခုနှစ်

# အစိုးရပါဠိပထမပြန်စာမေးပွဲ



# ပထမလတ်တန်း

# မေးခွန်းနှင့်အဖြေ

**✍အရှင်သီလဝံသာလင်္ကာရ(Y.S.O)မျှဝေပူဇော်သည်✍**

## အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇-ခုနှစ်၊ (၂၀၂၅) ပထမလတ်တန်း။ ။ဓမ္မပဒ မေးခွန်းနှင့်အဖြေ

---

၁။ (မေး) အောက်ဖော်ပြပါတို့ကို ပါဠိရေးပါ။

(က) "လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနှင့် ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ် နည်းယူလေ"ဟု ဟောသော ပဏ္ဍိတဝဂ်လာ ဂါထာ။

(ခ) သမ္ပတဖြစ်ရခြင်းထက် သောတာပန်ဖြစ်ရခြင်းက ပိုမြတ်ပုံပြဂါထာ။

၁။ (ဖြေ) (က) န ဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။ (ဓံ-ဋ္ဌ-ပ- ၃၅၀) (၅-မှတ်)

(ခ) ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။ (ဓံ-ဋ္ဌ-ဒု-၁၂၄) (၅-မှတ်)

၂။ (မေး) အချစ်ကြောင့် ကြေကွဲဝမ်းနည်းပူဆွေးနေကြသူများအတွက် အချစ်မမှားစေရန် ကိုယ့်ကိုယ်ကို ချစ်တတ်အောင် ချစ်နည်းပေးလမ်းပြ ဂါထာတော်ကို အတ္တဝဂ်မှ ထုတ်နုတ်၍ အနက်ပေးပါ။

၂။ (ဖြေ) အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ ချစ်မြတ်နိုးအပ်သည်၏အဖြစ်ကို။ စေ ဇညာ၊ အကယ်၍ သိငြားအံ့။ သုရက္ခိတံ၊ ကောင်းစွာစောင့်ရှောက်အပ်သော။ နံ၊ ထိုမိမိကိုယ်ကို။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ တိဏ္ဏံ၊ သုံးပါးသောအရွယ်တို့တွင်။ အညတရံ၊ တစ်ပါးပါးသော။ ယာမံ၊ အရွယ်ကို။ ပဋိဇဂ္ဂေယျ၊ သုတ်သင်ရာ၏။ (ဓမ္မ-ဋ္ဌ-တ-နိသျ-၂၃၄) (၁၀-မှတ်)

**မှတ်ချက်။ မည်သည့်နိဿယဖြင့်မဆို သဒ္ဒါနည်းနှင့် အနက်မှန်လျှင် အမှတ်ပေးရန်။**

၃။ (မေး) ပဏ္ဍိတဝဂ်လာ ပညာရှိဖြစ်အောင် မိမိကိုယ်ကို ဥပမာယူ၍ ဆုံးမရာ၌ စံနမူနာယူစရာ ဥပမာတို့ကို ဖြေဆို၍၊ လူနတ်ချစ်ခင် အရှင်မဟာကစ္စာယနထေရ်ရှင်၏ ဂုဏ်အင်္ဂါကိုလည်း ဖြေဆိုပါ။

၃။ (ဖြေ) **ဆုံးမရာ၌ စံနမူနာယူစရာ ဥပမာ(၃)မျိုး-**

ရေကိုဆောင်ယူသူတို့၏ တူးမြောင်းတူး၍ ရေကိုဆောင်ယူပုံ ဥပမာ၊

လေးသမားတို့၏ မြားကောက်ကို ဖြောင့်အောင်ပြုလုပ်ပုံ ဥပမာ၊

လက်သမားတို့၏ ကောက်သောသစ်ကို ဖြောင့်အောင်ပြုလုပ်ပုံ ဥပမာတို့ ဖြစ်ပါသည်။

(ဓံ-ဋ္ဌ-ပ-၃၇၁) (၅-မှတ်)

**အရှင်မဟာကစ္စည်းထေရ်၏ ဂုဏ်ရည်များ-**
၁။ ကက္ခန္ဓေတို့ ငြိမ်သက်တည်ကြည်ခြင်းသို့ ရောက်ခြင်း။
၂။ ပယ်ချအပ်ပြီးသော မာန်ရှိခြင်း။
၃။ အာသဝေါတရား မရှိခြင်း။
၄။ နတ်လူတို့ ချစ်ခင်အပ်ခြင်း။ (ခံ-၄-ပ-၃၈၉) (၅-မှတ်)

၄။ **(မေး)** လာဇာနတ်သမီးအား ဗုဒ္ဓဟောကြား ချမ်းသာကြောင်းတရားများကို ရေး၍၊ လမင်းပမာ လောကကို အလင်းရောင်ပေးနိုင်သော ပုဂ္ဂိုလ်များကိုလည်း ဆိုင်ရာ ဝဂ်, ဝတ္ထုနှင့် တွဲစပ် ဖော်ပြပါ။

၄။ **(ဖြေ)** **လာဇာနတ်သမီးအား ဗုဒ္ဓဟောကြား ချမ်းသာကြောင်းတရားများ-**
၁။ ကုသိုလ်ကောင်းမှုကို ပြုအပ်ပြီးသော်လည်း အဖန်ဖန်အထပ်ထပ်ပြုခြင်း။
၂။ ကုသိုလ်ကောင်းမှု၌ ပြုလိုသောဆန္ဒရှိခြင်း။ (ခံ-၄-ဒု-၇၇) (၄-မှတ်)

**လမင်းပမာ လောကကို အလင်းရောင်ပေးနိုင်သော ပုဂ္ဂိုလ်များ-**
ရှေး၌ မေ့လျော့သော်လည်း နောက်၌ မမေ့လျော့သောပုဂ္ဂိုလ်၊
လောကဝဂ်၊ သမ္မဇ္ဇနဝတ္ထု။ (ခံ၊ ၄-ဒု၊ ၁၁၀) (၃-မှတ်)
မကောင်းမှု ပြုအပ်ပြီးသော်လည်း အရဟတ္တမဂ်ဖြင့် ပိတ်ဆို့အပ်သောပုဂ္ဂိုလ်၊
လောကဝဂ်၊ အင်္ဂုလိမာလဝတ္ထု။ (ခံ၊ ၄-ဒု၊ ၁၁၁) (၃-မှတ်)

၅။ **(မေး)** လောကလူသားတိုင်း မိမိယုံကြည်ရာ ကိုးကွယ်မှုပြုကြရာ ကိုးကွယ်ရာ အစစ်နှင့်အတုတို့ကို ခွဲခြား ဖြေဆို၍၊ တေ တာဒိသေ ပူဇယတော-၌ တာဒိသ-အရ ယူရမည့် ဂုဏ်ရည်တို့ကိုလည်း ဖြေဆိုပါ။

၅။ **(ဖြေ)** **ကိုးကွယ်ရာအစစ်ကား-**
ဘုရား, တရား, သံဃာတို့ ဖြစ်ပါသည်။ (၃-မှတ်)

**ကိုးကွယ်ရာ အတုကား-**
များစွာသော တောင်, တော, အာရာမ်, နတ်ကွန်းသစ်ပင်တို့ ဖြစ်ပါသည်။(၄-ဒု-၁၅၉) (၃-မှတ်)

**တာဒိသ-အရ ယူရမည့် ဂုဏ်ရည်တို့ကား-**
၁။ တဏှာ, မာန, ဒိဋ္ဌိဟူသော သံသရာနယ်ချဲ့တရားတို့ကို လွန်မြောက်ပြီးခြင်းဂုဏ်။
၂။ သောကပရိဒေဝတို့ကို လွန်မြောက်ပြီးခြင်းဂုဏ်။ (၄-ဒု-၁၆၃-၁၆၄) (၄-မှတ်)

၆။ **(မေး)** ပျော်ရွှင်မှုရှာဖွေနေသူများအတွက် ကမ္ဘာပေါ်ဝယ် ပျော်စရာအကောင်းဆုံးသောနေရာကို အကြောင်းနှင့်တကွ ညွှန်ပြ၍၊ ဗာဟိယဒါရုစီရိယအား သတိသံဝေဂ ရသွားစေသော စကားတစ်ခွန်းကို ဖြေဆိုကာ၊ မပဋာအတွက် ပဒုမုတ္တရာဘုရား ပေးခဲ့သော ဗျာဒိတ်စကားတစ်ရပ်ကိုလည်း ဖြေဆိုပါ။

၆။ (ဖြေ) **ကမ္ဘာပေါ်ဝယ် ပျော်စရာအကောင်းဆုံးသောနေရာ-**
ရဟန္တာတို့၏ နေထိုင်ရာဖြစ်သော ရွာ, တော, နိမ့်သောအရပ်, ကြည်းကုန်းအရပ်တို့ ဖြစ်ပါသည်။

**အကြောင်းကား-**
နတ်၌ဖြစ်သော အာရုံတို့နှင့်တူသည်လည်းဖြစ်ကုန်သော အာရုံတို့သည် ရဟန္တာတို့၏ စိတ်ကို တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်သောကြောင့် ဖြစ်ပါသည်။ (ဓံ-၅-ပ- ၄၀၀) (၄-မှတ်)

**သတိသံဝေဂ ရသွားစေသော စကားတစ်ခွန်း-**
"ဗာဟိယ သင်သည် အကြင်အကျင့်ပဋိပတ်ဖြင့် ရဟန္တာလည်း ဖြစ်ရာ၏၊ အရဟတ္တမဂ်သို့လည်း ရောက်ရာ၏၊ ထိုအကျင့်ပဋိပတ်မျိုးသည် သင့်အား မရှိ သင်သည် ရဟန္တာလည်း မဟုတ်၊ အရဟတ္တမဂ်သို့ ရောက်သူလည်း မဟုတ်"။ (ဓံ-၅-ပ ၄၁၀) (၃-မှတ်)

**ဗျာဒိတ်စကားတစ်ရပ်-**
သင်သည် အနာဂတ်၌ ဂေါတမဘုရားရှင်၏ သာသနာ၌ 'ဤ်ပဋာစာရီဟူသော နာမည်ဖြင့် ဝိနည်းဆောင် ထေရီမတို့တွင် အမြတ်ဆုံးဖြစ်လိမ့်မည်'။ (ဓံ-၅-ပ- ၃၅၃) (၃)မှတ်

၇။ (မေး) ရည်ရွယ်ချက်မျိုးစုံဖြင့် ကောင်းမှုဖုံဖုံ ပြုလုပ်တတ်ကြရာ သာဝတ္ထိမြို့နေ ဥပုသ်သည်အမျိုးသမီးများ ဥပုသ်စောင့်ရခြင်း၏ ရည်ရွယ်ချက်တို့ကို အရွယ်အားလျော်စွာ ဖြေဆို၍၊ ဘုရားရှင်အား ပူဇော်ရာ၌ စစ်မှန်သော ပူဇော်ခြင်းနှင့် အတုယောင်ပူဇော်ခြင်းတို့ကိုလည်း ခွဲခြားပြပါ။

၇။ (ဖြေ) **ဥပုသ်စောင့်ရခြင်း၏ ရည်ရွယ်ချက်-**
၁။ အမျိုးသမီးကြီးတို့သည် နတ်ပြည်ကို တောင့်တ၍ ဥပုသ်စောင့်ပါသည်။
၂။ အလယ်အလတ်အမျိုးသမီးတို့သည် လင်တူမိန်းမနှင့် အတူနေရခြင်းမှ လွတ်မြောက်လို၍ ဥပုသ်စောင့်ပါသည်။
၃။ ငယ်သောအမျိုးသမီးတို့သည် သားဦးမွေးဖွားလို၍ ဥပုသ်စောင့်ပါသည်။
၄။ အပျိုမိန်းကလေးတို့သည် ငယ်ငယ်ရွယ်ရွယ်၌ ယောကျ်ားကောင်းရလို၍ ဥပုသ်စောင့်ပါသည်။
(ဓံ-၅-ဒု- ၃၈) (၆-မှတ်)

**စစ်မှန်သော ပူဇော်ခြင်းကား-**
မှောနုဓမ္မပဋိပတ်ဖြင့် ပူဇော်ခြင်း ဖြစ်ပါသည်။ (၂-မှတ်)

**အတုယောင်ပူဇော်ခြင်းကား-**
နံ့သာ-စသည်တို့ဖြင့် ပူဇော်ခြင်း ဖြစ်ပါသည်။ (ဓံ-၅- ဒု- ၁၀၂) (၂-မှတ်)

၈။ (မေး) ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူခဲ့ကြသော ဘုရားရှင်တိုင်း စွန့်တော်မမူအပ်သော အရာ(၃)မျိုးကို ဖော်ပြ၍၊ ဝိပဿီ-စသော ဘုရား(၇)ဆူတို့၏ ဥပုသ်ပြုတော်မူရာ ကာလအပိုင်းအခြားကိုလည်း ခွဲခြားဖြေဆိုပါ။

၈။ (ဖြေ) **ဘုရားရှင်တိုင်း စွန့်တော်မမူအပ်သော အရာ(၃)မျိုး-**

ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း၊
တန်ခိုးပြာဋိဟာပြပြီး၍ နတ်ပြည်၌ ဝါကပ်တော်မူခြင်း။
သင်္ကာသနဂိုရ်မြို့သို့ ဆင်းတော်မူခြင်း။ (ဓံ -၄ -ဒု- ၁၄၇) (၃-မှတ်)

**ဥပုသ်ပြုတော်မူရာ ကာလအပိုင်းအခြား-**

ဝိပဿီဘုရားရှင်သည် (၇)နှစ်တစ်ကြိမ် ဥပုသ်ပြုတော်မူပါသည်။ (၁-မှတ်)

သိခီ, ဝေဿဘူ ဘုရားရှင်တို့သည် (၆)နှစ် တစ်ကြိမ် ဥပုသ်ပြုတော်မူကြပါသည်။ (၂-မှတ်)

ကကုသန်, ကောဏာဂုံဘုရားရှင်တို့သည် (၁)နှစ် တစ်ကြိမ် ဥပုသ်ပြုတော်မူကြပါသည်။(၂-မှတ်)

ကဿပဘုရားရှင်သည် (၆)လ တစ်ကြိမ် ဥပုသ်ပြုတော်မူပါသည်။ (၁-မှတ်)

ဂေါတမဘုရားရှင်သည် (၁၅)ရက်လျှင် တစ်ကြိမ် (တစ်လလျှင် နှစ်ကြိမ်) ဥပုသ်ပြုတော်မူပါသည်။
(ဓံ-၄-ဒု- ၁၅၃) (၁-မှတ်)

## အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇–ခုနှစ်၊ (၂၀၂၅) ပထမလတ်တန်း။ ။ဒွေမာတိကာ မေးခွန်းနှင့်အဖြေ

---

၁။ (မေး) ဘိက္ခုနီမနှင့် ချိန်းချက်၍ လှေအတူစီးပြီးလျှင် ဘိက္ခုနီမ စီမံသော ဆွမ်းကို ဘုဉ်းပေးသောရဟန်းအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

၁။ (ဖြေ) **နာဝါဘိရုဟနသိက္ခာပဒ**

ယော ပန ဘိက္ခု ဘိက္ခုနိယာ သဒ္ဓိံ သံဝိဓာယ ဧကံ နာဝံ အဘိရုဟေယျ ဥဒ္ဓံဂါမိနိံ ဝါ အဓောဂါမိနိံ ဝါ အညတြ တိရိယံ တရဏာယ၊ ပါစိတ္တိယံ။ (ဝိ၊ ၂၇) (၅-မှတ်)

**ပရိပါစိတသိက္ခာပဒ**

ယော ပန ဘိက္ခု ဇာနံ ဘိက္ခုနိပရိပါစိတံ ပိဏ္ဍပါတံ ဘုဉ္ဇေယျ အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ၊ ပါစိတ္တိယံ။ (ဝိ၊ ၂၇) (၅-မှတ်)

၂။ (မေး) ဘိက္ခုနီမများ၏ ရေသနုပ်သက်န်းပမာဏကို ပြဆိုသောသိက္ခာပုဒ်ကို အနက်ပေးပါ။

၂။ (ဖြေ) **ဥဒကသာဋိကသိက္ခာပဒ**

ဥဒကသာဋိကံ၊ ရေသနုပ်ကို။ ကာရယမာနာယ၊ ပြုလိုသော။ ဘိက္ခုနိယာ ပန၊ ရဟန်းမသည်ကား။ ပမာဏိကာ၊ ပမာဏနှင့်ယှဉ်သော ရေသနုပ်ကို။ ကာရေတဗ္ဗာ၊ ပြုစေအပ်၏။ တတြ၊ ထိုရေသနုပ်၌။ ဣဒံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ ပမာဏံ၊ အတိုင်းအရှည်တည်း။ ဒီဃသော၊ အလျားမှ။ သုဂတ ဝိဒတ္ထိယာ၊ မြတ်စွာဘုရား လက်သန်းအထွာတော်ဖြင့်။ စတဿော ဝိဒတ္ထိယော၊ လေးထွာတို့တည်း။ တိရိယံ၊ အနံကား။ ဒွေ ဝိဒတ္ထိယော၊ နှစ်ထွာတို့တည်း။ တံ၊ ထိုပမာဏကို။ အတိက္ကာမေန္တိယာ၊ လွန်စေသော ရဟန်းမအား။ ဆေဒနကံ၊ ဖြတ်ခြင်းရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ (ဗုဓ်၊ ၁၂၇-၈) (၁၀-မှတ်)

**မှတ်ချက်။ မည်သည့်နိဿယဖြင့်ဖြစ်စေ သဒ္ဒါရေးမှန်လျှင် အမှတ်ပေးရန်။**

၃။ (မေး) ရွာတွင်း၌ သက်န်းထားနိုင်ခွင့် အင်္ဂါရပ်တို့ကို ပါဠိ/မြန်မာ နှစ်ဘာသာဖြင့် ဖြေဆို၍၊ ရဟန်းများ ပါဠိဒေသနီ အာပတ် ဒေသနာကြားပုံကိုလည်း မြန်မာဘာသာဖြင့် ဖြေဆိုပါ။

၃။ (ဖြေ) **ရွာတွင်း၌ သက်န်းထားနိုင်ခွင့် အင်္ဂါရပ်များ**

ဥပဝဿ- ပုရိမဝါကျွတ်သူဖြစ်ခြင်း။ (၂-မှတ်)

ကတ္တိကပုဏ္ဏမ-တန်ဆောင်မုန်းလဖြစ်ခြင်း။ (၂-မှတ်)

အာရညကာနိ- (လေးအပြန်ငါးရာဝေးသော)တောကျောင်းဖြစ်ခြင်း။ (၂-မှတ်)

သာသင်္ကသမ္မတာနိ သပ္ပဋိဘယာနိ- သာသင်္က သပ္ပဋိဘယ-ဖြစ်ခြင်း။ (ဘာဋီ၊ ၂၁၆) (၂-မှတ်)

**ပါဋိဒေသနီ အာပတ် ဒေသနာကြားပုံ**

ငါ့ရှင်တို့ ကဲ့ရဲ့အပ်သော မလျောက်ပတ်သော ပါဋိဒေသနီအမည်ရှိသောအာပတ်သို့ ငါရောက်ပြီ၊ ထိုပါဋိဒေသနီအာပတ်ကို ဒေသနာကြားပါ၏။ (ဗုမ်၊ ၁၁၄) (၂-မှတ်)

၄။ (မေး) အဝမ္မပြုကျင့်ခံရသော ရဟန်းမ ပါရာဇိက ကျ/မကျ သာဓကပြ ဖြေဆို၍၊ ရဟန်းမများ ကျင်ကြီးကျင်ငယ် မစွန့်ကောင်းသော အရပ်တို့ကိုလည်း သိက္ခာပုဒ်နှင့် တွဲစပ်ဖြေဆိုပါ။

၄။ (ဖြေ) **အဝမ္မပြုကျင့်ခံရသော ရဟန်းမ ပါရာဇိက ကျ/မကျ-**

ပါရာဇိက မကျပါ။ (၂-မှတ်)

**သာဓကကား-** ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ။ (ဝိ၊ ၆၁) (၂-မှတ်)

**ရဟန်းမများ ကျင်ကြီးကျင်ငယ် မစွန့်ကောင်းသောနေရာများ-**

ပထမဥစ္စာရဆဋ္ဌနသိက္ခာပုဒ်- နံရံ၏တစ်ဖက်၊ တံတိုင်း၏တစ်ဖက်အရပ်။ (ဝိ၊ ၈၄) (၂-မှတ်)

ဒုတိယဥစ္စာရဆဋ္ဌနသိက္ခာပုဒ်- စိမ်းစိုသော ကောက်ပဲသီးနှံရှိရာအရပ်။ (ဝိ၊ ၈၄) (၂-မှတ်)

ဟရိတေဥစ္စာရသိက္ခာပုဒ်- စိမ်းစိုသော မြက်သစ်ပင်ရှိရာအရပ်။ (ဝိ၊ ၁၂၇) (၁-မှတ်)

ဥဒကေဥစ္စာရသိက္ခာပုဒ်- သုံးဆောင်ကောင်းသောရေ။ (ဝိ၊ ၁၂၇) (၁-မှတ်)

၅။ (မေး) အောက်ဖော်ပြပါ ရဟန်း/ရဟန်းမတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်နှင့် တွဲစပ်ဖော်ပြပါ။

(က) ဝတ်အသင်းသူတပည့်များနှင့် ဓမ္မစကြာသံပြိုင်ရွတ်သောရဟန်း။

(ခ) မိမိရရှိထားသော တရားထူးကို လူတို့အား ပြောသောရဟန်း။

(ဂ) အဂိလာနပုဂ္ဂိုလ်အား မတ်တတ်ရပ်၍ တရားဟောသောရဟန်း။

(ဃ) ရဟန်းကို ခွင့်ပြုချက်မတောင်းဘဲ ပြဿနာမေးသော ရဟန်းမ။

(င) ဂိလာနမဟုတ်ဘဲ အမဲသား တောင်းစားသော ရဟန်းမ။

၅။ (ဖြေ)

| | | | |
|---|---|---|---|
| (က) | သုဒ္ဓပါစိတ်အာပတ်၊ | ပဒသောဓမ္မသိက္ခာပုဒ်။ | (ဝိ၊ ၂၂) (၂-မှတ်) |
| (ခ) | သုဒ္ဓပါစိတ်အာပတ်၊ | ဘူတာရောစနသိက္ခာပုဒ်။ | (ဝိ၊ ၂၃) (၂-မှတ်) |
| (ဂ) | ဒုက္ကဋ်အာပတ်၊ | ဌိတသိက္ခာပုဒ်။ | (ဝိ၊ ၅၅) (၂-မှတ်) |
| (ဃ) | သုဒ္ဓပါစိတ်အာပတ်၊ | ပဉှာပုစ္ဆနသိက္ခာပုဒ်။ | (ဝိ၊ ၉၉) (၂-မှတ်) |
| (င) | ပါဋိဒေသနီယအာပတ်၊ | မံသဝိညာပနသိက္ခာပုဒ်။ | (ဝိ၊ ၁၁၆) (၂-မှတ်) |

၆။ (မေး) ဝဇ္ဇနီယပုဂ္ဂိုလ်, အဘဗ္ဗပုဂ္ဂိုလ်တို့တွင် ပါဝင်သော တိရစ္ဆာနဂတ-အရတို့ကို ခွဲခြားဖြေဆို၍၊ ဝဇ္ဇနီယပုဂ္ဂိုလ်တို့နှင့် ဥပုသ်ပြုခဲ့သော် သင့်ရောက်နိုင်သော အာပတ်တို့ကို ပုဂ္ဂိုလ်အားလျော်စွာ ခွဲခြားဖြေဆိုပါ။

၆။ (ဖြေ) **ဝဇ္ဇနီယပုဂ္ဂိုလ်တွင် ပါဝင်သော တိရစ္ဆာနဂတ-အရ**

ရဟန်းအဖြစ်ကို ပယ်မြစ်ထားသည့် ဂဠုန်နဂါးစသော လူယောင်ဖန်ဆင်းနိုင်သောပုဂ္ဂိုလ်။

(ဌ၊ ၉၃) (၃-မှတ်)

**အဘဗ္ဗပုဂ္ဂိုလ်တွင် ပါဝင်သော တိရစ္ဆာနဂတ-အရ**
လူဇာတ်ရှိသောပုဂ္ဂိုလ်ကို ကြဉ်ထား၍ ကြွင်းသော သတ္တဝါအားလုံး။ (၄၊ ၁၀၅) (၃-မှတ်)

**သင့်ရောက်နိုင်သော အာပတ်များ-**
ဥက္ခိတ္တကပုဂ္ဂိုလ် ၃-ယောက်တို့နှင့် ဥပုသ်ပြုခဲ့သော် ပါစိတ်အာပတ်။ (၄၊ ၉၃) (၂-မှတ်)
ကြွင်းသောဝဇ္ဇနီယပုဂ္ဂိုလ် ၁၈-ယောက်တို့နှင့် ဥပုသ်ပြုခဲ့သော် ဒုက္ကဋ်အာပတ်။(၄၊ ၉၃) (၂-မှတ်)

၇။ **(မေး)** ပထမပါရာဇိကသိက္ခာပုဒ်ဖြင့် အာပတ်မသင့်သော ပုဂ္ဂိုလ်တို့ကို ဖြေဆို၍၊ သမနုဂ္ဂါဟိယမာနော ဝါ အသမနုဂ္ဂါဟိယမာနော ဝါ-ဟု မိန့်ဆိုရခြင်းအကြောင်းကိုလည်း ကဒ်ါလာသည့်အတိုင်း ဖြေဆိုပါ။

၇။ **(ဖြေ)** **အာပတ်မသင့်သော ပုဂ္ဂိုလ်များ**
၁။ သူတစ်ပါးပြုအပ်သော လုံ့လကို မသိသောပုဂ္ဂိုလ်။
၂။ မသာယာသော ပုဂ္ဂိုလ်။
၃။ ရူးသော ပုဂ္ဂိုလ်။
၄။ ဘီလူးပစ်လွှင့်အပ်သော စိတ်ရှိသောပုဂ္ဂိုလ်။
၅။ ဒုက္ခဝေဒနာ လွန်စွာနှိပ်စက်အပ်သောပုဂ္ဂိုလ်။
၆။ အာဒိကမ္မိကပုဂ္ဂိုလ်။ (၄၊ ၁၁၄) (၆-မှတ်)
**မှတ်ချက်။ အဇာနန္တဿ-စသည်ဖြင့် ပါဠိလိုဖြေလျှင်လည်း အမှတ်ပေးရန်။**

**သမနုဂ္ဂါဟိယမာနော ဝါ အသမနုဂ္ဂါဟိယမာနော ဝါ-ဟု မိန့်ဆိုရခြင်းအကြောင်း-**
ပါရာဇိကအာပတ်သို့ ရောက်ပြီးသော ရဟန်းသည် သူတစ်ပါးက စောဒနာအပ်သည်ဖြစ်စေ မစောဒနာအပ်သည်ဖြစ်စေ ဝန်ခံရသောကြောင့် သမနုဂ္ဂါဟိယမာနော ဝါ အသမနုဂ္ဂါဟိယမာနော ဝါ-ဟု မိန့်ဆိုရပါသည်။ (၄၊ ၁၂၄) (၄-မှတ်)

၈။ **(မေး)** ယထာ တံ ယုဝါ ယုဝတိံ-ပါဠ်ဖြင့် ပြအပ်သော အနက်အဓိပ္ပါယ်ကို ဖြေဆို၍၊ စီဝရံ ပဋိဂ္ဂဏှေယျ-၌ သက်န်းခံယူရာ ရောက်ပုံကိုလည်း ကဒ်ါလာသည့်အတိုင်း ဖြေဆိုပါ။

၈။ **(ဖြေ)** **ပြအပ်သော အနက်အဓိပ္ပါယ်-**
လွှမ်းမိုး၍ (ရုန့်ရင်းသောစကားကို) ပြောဆိုခြင်း၌ ရွံရှာခြင်းမရှိသူ၏အဖြစ်ကို ပြပါသည်။
(၄၊ ၁၂၉) (၄-မှတ်)

**သက်န်းခံယူရာ ရောက်ပုံ-**
ဘိက္ခုနီမသည် လက်ဖြင့် ရဟန်း၏လက်၌ ပေးသည်ဖြစ်စေ၊ ရဟန်း၏ ခြေရင်း၌ ချထားသည်ဖြစ်စေ၊ တရားဟောစဉ် အဝတ်တို့ကို ပစ်၍လှူအပ်ကုန်သော် ဘိက္ခုနီမက ဆယ့်နှစ်တောင်ဥပစာကို လွှတ်၍ ရဟန်း၏အထက်၌ ပစ်ချသည်ဖြစ်စေ၊ ရဟန်းက သာယာလျှင် သက်န်းခံယူရာ ရောက်တော့သည်သာ ဖြစ်ပါသည်။ (၄၊ ၁၆၅) (၆-မှတ်)

## အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇–ခုနှစ်၊ (၂၀၂၅) ပထမလတ်တန်း။ ။ကစ္စည်းသဒ္ဒါကြီး မေးခွန်းနှင့်အဖြေ

---

၁။ (မေး) အောက်ပါတို့ကို သုတ်, ဝုတ္တိ, ဥဒါဟရုဏ် ကုန်စင်အောင် ပါဠိရေးပါ။

(က) ကမ္မဓာရည်းသမာသ်အရာ၌ ပုလ္လိင်ငဲ့ညွှန်းသောသုတ်။

(ခ) အဖို့အစု-ဟူသောအနက်၌ ဓာ-ပစ္စည်းသက်သောသုတ်။

၁။ (ဖြေ) **(က) ကမ္မဓာရယသညေ စ။**

ကမ္မဓာရယသညေ စ သမာသေ ဣတ္ထိယံ တုလျာဓိကရဏေ ပဒေ ပုဗ္ဗေ ဘာသိတပုမိတ္ထီ စေ, ပုမာဝ ဒဋ္ဌဗ္ဗာ။

ဗြာဟ္မဏဒါရိကာ၊ ခတ္တိယကညာ၊ ခတ္တိယကုမာရိကာ။

ဘာသိတပုမေတိ ကိမတ္ထံ? ခတ္တိယဗန္ဓုဒါရိကာ၊ ဗြာဟ္မဏဗန္ဓုဒါရိကာ။(ကစ္စည်း-၁၇၉) (၅-မှတ်)

**(ခ) ဝိဘာဂေ ဓာ စ။**

ဝိဘာဂတ္ထေ စ ဓာပစ္စယော ဟောတိ။

ဧကေန ဝိဘာဂေန ဧကဓာ။ ဧဝံ ဒွိဓာ၊ တိဓာ၊ စတုဓာ၊ ပဉ္စဓာ၊ ဆဓာ။

စေတိ ကိမတ္ထံ? သောပစ္စယော ဟောတိ။

သုတ္တသော၊ ဗျဉ္ဇနသော၊ ပဒသော။ (ကစ္စည်း၊ ၂၀၇) (၅-မှတ်)

၂။ (မေး) အောက်ပါတို့ကို နိဿယကျကျ အနက်ပေးပြပါ။

(က) ဥသီရဋ္ဌ ဗီရဏဋ္ဌ ဥသီရဗီရဏံ။

(ခ) ဥသဘဿ ဘာဝေါ အာသဘံ။

(ဂ) အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ။

(ဃ) တထာ ကတ္တရိ စ။

၂။ (ဖြေ) (က) ဥသီရဋ္ဌ၊ ပန်းရင်းလည်း။ ဗီရဏဋ္ဌ၊ ပြိတ်မြက်လည်း။ ဥသီရဗီရဏံ၊ ပန်းရင်းပြိတ်မြက်။ (သပြေကန်၊ ဒု၊ ၅၁) (၂-မှတ်)

(ခ) ဥသဘဿ၊ နွားလားဥသဘအတူ ရဲရင့်တော်မူသော မြတ်စွာဘုရား၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ အာသဘံ၊ နွားလားဥသဘအတူ ရဲရင့်တော်မူသော မြတ်စွာဘုရား၏ဖြစ်ကြောင်း။ (သပြေကန်၊ ဒု၊ ၃၃၁) (၂-မှတ်)

(ဂ) အယုဝဏ္ဏာနံ၊ အ-အက္ခရာ, ဣဝဏ်, ဥဝဏ်တို့၏။ အာယော စ၊ အစဉ်အတိုင်း အာ, ဧ, ဩ-အပြုတို့သည်သာလျှင်။ ဝုဒ္ဓိ၊ ဝုဒ္ဓိမည်၏။ (သပြေကန်၊ ဒု၊ ၃၃၉) (၃-မှတ်)

(ဃ) တထာ၊ ထို တဿစဝဂ္ဂ-သုတ်, ပုဗ္ဗရူပဉ္စ-သုတ်တို့၌ ဆိုအပ်ပြီးသည်နှင့်အတူ။ ကတ္တရိ စ၊ ကတ္တားအနက်၌လည်း။ ယဿ၊ ဒိဝါဒိ ယ-ပစ္စည်း၏။ အာဒေသော၊ ကာရိယအပြုသည်။ (စ-ဝဂ်, ယ, ဝ, ပုဗ္ဗရုပ်အပြုသည်။) ဟောတိ၊ ဖြစ်၏။ (သပြေကန်၊ ဒု၊ ၄၈၅) (၃-မှတ်)

၃။ (မေး) ဒုက္ကဋံ-ကို ပုဒ်ဖြတ်, မနော+အညံကို ပုဒ်စပ်ပြီးလျှင်၊ ပြဟွတော တု သို့ နိ-သုတ်လာ တု-သဒ္ဒါပို အကျိုးကို ပုံစံနှင့်တကွ ဖြေဆို၍၊ ဘုဝိ-ကိုလည်း နာမ်ရုပ်အကျဉ်း စီရင်ခဲ့ပါ။

၃။ (ဖြေ) **ဒုက္ကဋံ-ကို ဒုက္က+တံ-ဟု ပုဒ်ဖြတ်။**
(ဒု+ကတံ-ဟုပုဒ်ဖြတ်လည်း အမှတ်ပေးရန်။) (ကစ္စည်း၊ ၄၆) (၁-မှတ်)

**မနော+အညံ-ကို မနညံ-ဟု ပုဒ်စပ်။** (ကစ္စည်း၊ ၅၈) (၁-မှတ်)

**တု-သဒ္ဒါပိုအကျိုး**
တု-သဒ္ဒါပိုဖြင့် ကမ္မုနိ, စမ္မုနိ, မုဒ္ဓနိ-ပုံစံတို့၌ ပြဟွ-သဒ္ဒါမှ တစ်ပါးသော ကမ္မ, စမ္မ, မုဒ္ဓ-သဒ္ဒါတို့မှ နောက်ဖြစ်သော သို့-ဝိဘတ်ကို နိ-ပြုရခြင်းအကျိုး ရှိပါသည်။ (ကစ္စည်း၊ ၁၁၄) (၄-မှတ်)

**ဘုဝိ-နာမ်ရုပ် တွက်ပုံ**
ဘုဝိ-ကို ဘူ-လိင်တည်။ သို့-ဝိဘတ်သက်။ ဘ-ခွင်း ဦ-ကြွင်း။ ဩသရေ စ-သုတ်၌ စ-သဒ္ဒါဖြင့် ဘ-၏မှီရာ ဦ-ကို ဥဝ-ပြု။ တတော သို့ မိ-သုတ်၌ တတော-သဒ္ဒါပိုဖြင့် သို့-ကို ဣ-ပြု။ ဘ-ကို ဥ-သို့ကပ်။ ဝ-ခွင်း၊ ချေ၊ ကပ်။ ဘုဝိ-ပြီး၏။ (ကစ္စည်း၊ ၆၉၊ ၁၁၇) (၄-မှတ်)

၄။ (မေး) ဂေါသု ဒုယှမာနေသု ဂတော-ဟူသောဝါကျ၌ လက္ခဏ-စသည်လေးချက်ကို အကြောင်းပြ ခွဲ၍၊ အဓိစိတ္တံ မဟာဓနံ-ပုဒ်တို့ကိုလည်း သမာသဝိဂ္ဂဟပြုခဲ့ပါ။

၄။ (ဖြေ) **လက္ခဏ-စသည်လေးချက် ခွဲပုံ**
၁။ ဒုယှမာနေသု-သည် သွားခြင်းကြိယာကို မှတ်သားကြောင်းဖြစ်သောကြောင့် လက္ခဏကြိယာ။
၂။ ဂေါသု-သည် ထိုလက္ခဏကြိယာရှိသောကြောင့် လက္ခဏဝန္တကံ။
၃။ ဂတော-သည် နို့ညှစ်ခြင်းကြိယာဖြင့် မှတ်သားအပ်သောကြောင့် လက္ချကြိယာ။
၄။ ပုရိသော-သည် ထိုလက္ချကြိယာရှိသောကြောင့် လက္ချဝန္တကတ္တား။
(အခြေပြုသဒ္ဒါ၊ ၆၂၅) (၆-မှတ်)

**အဓိစိတ္တံ-ဝိဂ္ဂြိုဟ်ကား-**
စိတ္တမဓိကိစ္စ ပဝတ္တန္တိ တေ ဓမ္မာတိ အဓိစိတ္တံ။ (ကစ္စည်း၊ ၁၆၄) (၂-မှတ်)
**မဟာဓနံ-ဝိဂ္ဂြိုဟ်ကား-**
မဟန္တဥ္စ တံ ဓနဉ္စာတိ မဟာဓနံ။ (မဟန္တံ ဓနံ မဟာဓနံ။) (ကစ္စည်း၊ ၁၇၈) (၂-မှတ်)

၅။ (မေး) မာဟိသံ, မာဟိသော-ပုဒ်တို့ကို တဒ္ဓိတဝိဂ္ဂဟပြု၍၊ တိကိစ္ဆတိ-ကို ဓာတု, ပစ္စယ ဝေဘန်ပြပြီးလျှင်၊ ဗုဇ္ဈတိ-ကိုလည်း ကတ္တုရုပ်တွက်ပြပါ။

၅။ (ဖြေ) **မာဟိသံ-ပုဒ် တဒ္ဓိတဝိဂ္ဂဟပြုပုံ-**
မဟိံသဿ ဣဒံ မံသံ မာဟိသံ။ (ကစ္စည်း၊ ၁၉၀) (၂-မှတ်)
မဟိံသာနံ သမူဟော မာဟိသော။ (ကစ္စည်း၊၁၉၂) (၂-မှတ်)

**တိကိစ္ဆတိ-ကား** ကိတ-ဓာတ်၊ ဆ-ပစ္စည်း။ (ကစ္စည်း၊ ၂၃၅) (၂-မှတ်)

**ဗုဇ္ဈတိ ကတ္တုရုပ် တွက်ပုံ**

ဗုဇ္ဈတိ-ကို ဗုဓ-သဒ္ဒါတည်။ ဗုဓ-ဗုဓ-သဒ္ဒါသည်။ဝါ- ဗုဓ-ဓာတ်သည်။ (အဝဗောဓနေ)ဉာဏေ-(ထိုးထွင်း၍)သိခြင်းအနက်၌။ ဝတ္တတိ- ဖြစ်၏။ ဣတိ အတ္ထေ- ဤသို့သော အနက်၌။ ဘူဝါဒယော ဓာတဝေါ-သုတ်ဖြင့် ဗုဓ-ကို ဓာတ်အမည်မှည့်။ မ်-ခွင်း အ-ကြွင်း။ ဓာတုယာန္တော လောပေါ နေကာသရဿ-သုတ်ဖြင့် မ်-၏အစိတ် အ-ကိုချေ။ ဝတ္တမာနာ ပစ္စုပ္ပန္နေ-သုတ်ဖြင့် တိ-ဝိဘတ်သက်။ ဒိဝါဒိတော ယော-သုတ်ဖြင့် ကတ္တား-အနက်၌ ယ-ပစ္စည်းသက်။ တထာ ကတ္တရိ စ-သုတ်ဖြင့် ယ-ပစ္စည်းကို ဓာတွန် မ်-နှင့်တကွ ဈ-ပြု။ ဝဂ္ဂေ ယောသာယောသာနံ တတိယပဌမာ-သုတ်ဖြင့် ဈ-၏ အသဒိသဒွေဘော် ဇ-လာ။ ( ဈ-ကို အသဒိသဒွေဘော် ဇ္ဈ-ပြု)။ ဗုဇ္ဈတိ-ကား ပြီး၏။

(ကစ္စည်း၊ ၂၂၉) (၄-မှတ်)

၆။ (မေး) ရညော ပုရိသော-ပုံစံ၌ ဝိသေသန, ဝိသေသျဖြစ်ပုံကို ရှင်းလင်းဖြေဆို၍၊ အာဓာရ-ကို ဩကာသ-ဟု ဆိုရခြင်းအကြောင်းကိုလည်း ရူပသိဒ္ဓိကျမ်းလာသည့်အတိုင်း ဖြေဆိုပါ။

၆။ (ဖြေ) **ရညော ပုရိသော-ပုံစံ၌ ဝိသေသန ဝိသေသျဖြစ်ပုံ**

ရာဇ-အရ မင်းသည် ယောကျ်ားကို အမတ်,သူဌေး-စသော အခြားသော အရှင်သခင်မှ အထူးပြု တတ် နစ်စေတတ်သောကြောင့် ဝိသေသန ဖြစ်ပါသည်။ (၃-မှတ်)

ပုရိသ-အရ ယောကျ်ားသည် ထိုမင်းက အထူးပြုအပ်သောကြောင့် ဝိသေသျ- ဖြစ်ပါသည်။

(ရူ၊ ၁၆၆) (၃-မှတ်)

**အာဓာရ-ကို ဩကာသ-ဟု ဆိုရခြင်းအကြောင်း**

အလုံးစုံသော အာဓာရသည် မုချ၏အစွမ်းဖြင့်လည်းကောင်း, ကြံစည်ခြင်း၏အစွမ်းဖြင့်လည်းကောင်း ကြိယာ၏ တည်ရာဖြစ်သောကြောင့် ဩကာသ-ဟု ခေါ်ဆိုရပါသည်။ (ရူ၊ ၁၇၂) (၄-မှတ်)

၇။ (မေး) နာမာနံ သမာသော ယုတ္တတ္ထော-သုတ်၌ နာမာန်-ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ဖြေဆို၍၊ အာတ္တဥ္စ-သုတ်ဖြင့် ရိ-အက္ခရာ လာရာဌာနကို တိကျစွာ ဖော်ပြပြီးလျှင်၊ ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ-သုတ်ဖြင့် တန-ပစ္စည်းသက်နိုင်သော နိပါတ်ပုဒ်တို့ကိုလည်း ရူပသိဒ္ဓိလာသည့်အတိုင်း တိကျစွာ ဖြေဆိုပါ။

၇။ (ဖြေ) **နာမာနံ-ဖြင့် သိစေအပ်သောအဓိပ္ပါယ်**

နာမာနံ-ဟူသောသဒ္ဒါဖြင့် “ဒေဝဒတ္တော ပစတိ” စသောပြယုဂ်တို့၌ ပစတိ-စသော အာချာတ်ပုဒ် နှင့် သမာသ်မဖြစ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ရူ၊ ၁၇၈) (၄-မှတ်)

**ရိ-အက္ခရာ လာရာဌာန**

ဣသိ-သဒ္ဒါ၏ ဣ-ကို အာ-ပြုပြီးသည်၏ အခြားမဲ့၌ ရိ-အက္ခရာ လာရပါသည်။(ရူ၊၂၂၇)(၄-မှတ်)

**တန-ပစ္စည်းသက်နိုင်သော နိပါတ်ပုဒ်**

အဇ္ဇ, သွေ, ပုရာ, ဟိယျော-ဟူသော နိပါတ်ပုဒ်တို့ ဖြစ်ပါသည်။ (ရူ၊ ၂၅၆) (၂-မှတ်)

၈။ (မေး) အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ရေးပါ။
(က) သကလဗျာပိကာခရ (ခ) စတုတ္ထီအဗျယီဘောသမာသ်။

၈။ (ဖြေ) (က) **သကလဗျာပိကာခရ**

အလုံးစုံအားဖြင့် နှံ့၍တည်ရာဖြစ်သော အာခရသည် သကလဗျာပိကာခရ မည်၏။ ပြယုဂ်ကား- "တိလေသု တေလံ တိဋ္ဌတိ"တည်း။ ဤ၌ 'တိလေသု'ဟူသော အာခရသည် အလုံးစုံအားဖြင့် နှံ့၍တည်ရာဖြစ်သောကြောင့် သကလဗျာပိကာခရ မည်၏။ (ပုဒ်စစ်၊ ၆၄) (၅-မှတ်)

(ခ) **စတုတ္ထီအဗျယီဘောသမာသ်**

နောက်ပုဒ်၌ စတုတ္ထီဝိဘတ်ကျေသောသမာသ်သည် စတုတ္ထီအဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား- "ကမသ္မ အနုရူပံ ယထာက္ကမံ"တည်း။ ဤသည် 'ကမ'ဟူသောနောက်ပုဒ်၌ စတုတ္ထီဝိဘတ်ကျေသောကြောင့် စတုတ္ထီအဗျယီဘောသမာသ် မည်၏။ (ပုဒ်စစ်၊ ၁၀၄) (၅-မှတ်)

---

၁။ (မေး) "ရုပ်နာမ်နှစ်ဝ အနိစ္စ ဒုက္ခအနတ္တာ"ဟု ဆင်ခြင်သုံးသပ်မှုပြုသော ယောဂီပုဂ္ဂိုလ်အား သမ္မသနဉာဏ် ဖြစ်ပုံကို ပြဆိုသော သင်္ဂဟပါဠိကိုသာ တိကျစွာ ဖြေဆိုပါ။

၁။ (ဖြေ) တတော ပရံ ပန တထာပရိဂ္ဂဟိတေသု သပ္ပစ္စယေသု တေဘူမကသင်္ခါရေသု အတီတာဒိဘေဒ- ဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ ကလာပဝသေန သင်္ခိပိတွာ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ အဒ္ဓါနဝသေန သန္တတိဝသေန ခဏဝသေန ဝါ သမ္မသနဉာဏေန လက္ခဏတ္တယံ သမ္မသန္တဿ။ (ပါ-၁၅၉) (၁၀)မှတ်

**မှတ်ချက်- မလိုအပ်သော ပါဠိများ ပိုဖြေလာပါက အမှတ်လျှော့ရန်။**

၂။ (မေး) "မဝေးသော ရောင်နီဦးမှာ အောင်မြင်ခြင်းရှိသည်"ဟု အဓိဋ္ဌာန်ပြုကာ ကြိုးစားအားထုတ်နေသော စာဖြေရှင်တို့ဝယ် ဖြစ်ပွားနေသော အာရမ္မဏစာရင်းဝင် အဓိပတိပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်ပုံပြ သင်္ဂဟပါဠိကိုသာ သရုပ်ပေါ်လွင်စေလျက် အနက်ပေးပါ။

၂။ (ဖြေ) **အာရမ္မဏာဓိပတိပစ္စည်း,ပစ္စယုပ္ပန်ပြပါဠိကို အနက်ပေးပုံ**

ဂရုကတံ၊ အလေးအမြတ်ပြုအပ်သော။ အာရမ္မဏံ၊ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ, ဒေါသမူဒွေ, မောဟမူဒွေ, ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ်(၈၄)ခု, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက်(၄၇)ခု, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ခြောက်ပါးသည်။ နာမာနံ၊ အလေးမြတ်ပြုတတ်သော လောဘမူစိတ်(၈)ခု, မဟာကုသိုလ် စိတ်(၈)ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ်(၄)ခု, လောကုတ္တရာစိတ်(၈)ခု, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော စေတသိက်(၄၅)ခု နာမက္ခန္ဓာတို့အား။ အာရမ္မဏာဓိပတိဝသေန၊ အာရမ္မဏာဓိပတိသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ (သင်္ဂဟ-၁၃၉ ) (ဗားကရာ-၂၆၀) (၁၀)မှတ်

**မှတ်ချက်။ မည်သည့်နိဿယဖြင့် မဆို ပစ္စည်း, ပစ္စယုပ္ပန်သရုပ်နှင့် သဒ္ဒါနည်းမှန်လျှင် အမှတ်ပေးရန်။**

၃။ (မေး) အဘိဓမ္မတ္ထသင်္ဂဟံ-၌ အဘိဓမ္မတ္ထ-အရကို သာဓကပြ ဖြေဆို၍၊ ဝီသေကဝီသ ဝီသတိ-၌ ဝီသတိ- အရတို့ကို ယှဉ်ရာစိတ်တို့နှင့် တွဲစပ်ဖြေဆိုပြီးလျှင်၊ ရဋ္ဌနန္ဒကဆင်ဖြူတော်ကြီး၏ စုတိစိတ်အာရုံကို လည်း ဆိုရိုးကျ ရေးပြပါ။

၃။ (ဖြေ) **အဘိဓမ္မတ္ထ-အရကို သာဓကပြ ဖြေဆိုပုံ-**

တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။
စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ-ကို ထောက်၍
စိတ် စေတသိက် ရုပ် နိဗ္ဗာန် တို့ကို ရပါသည်။ (ပါ-၁) (၂ မှတ်)

**ဂီသတိ-အရတို့ကို ယှဉ်ရာစိတ်တို့နှင့် တွဲစပ်ဖြေဆိုပုံ-**

**လောဘမူ တတိယသသင်္ခါရိကစိတ်ဖြစ်အံ့-**

ပီတိကြည် အညသမာန်းစေတသိက်- ၁၂ ပါး

အကုသလသာဓာရဏစေတသိက်- ၄ ပါး

လောဘ ဒိဋ္ဌိ ထိန မိဒ္ဓ- ၄ ပါး - ပေါင်း ၂၀ ပါး ဖြစ်ပါသည်။ (၃-မှတ်)

**လောဘမူ စတုတ္ထသသင်္ခါရိကစိတ်ဖြစ်အံ့**

ပီတိကြည် အညသမာန်းစေတသိက်- ၁၂ ပါး

အကုသလသာဓာရဏစေတသိက်- ၄ ပါး

လောဘ မာန ထိန မိဒ္ဓ- ၄ ပါး =ပေါင်း ၂၀ ပါး ဖြစ်ပါသည်။ (ပါ-၃၅) (၃-မှတ်)

**စုတိစိတ်အာရုံ-**

အတီတာနန္တရဘဝက ဆဋ္ဌဒွါရိကမရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန် အတိတ် ပညတ် ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ(၆)ပါးတို့တွင် တစ်ပါးပါးကို ထိုက်သည့်အားလျော်စွာ အာရုံပြုပါသည်။ (ပါ၊ ၅၀) (၂-မှတ်)

၄။ **(မေး)** နိဗ္ဗာန်ကို တိုက်ရိုက်အာရုံပြုနိုင်သော ပုထုဇဉ်ပုဂ္ဂိုလ်၏ စိတ်ကို တိကျစွာ ဖော်ပြ၍၊ ယင်းစိတ်ပါဝင်သော ဝီထိစဉ်တစ်ခုကို သိသာရုံ ချပြပြီးလျှင်၊ ဆ သမ္ဘောဂ္ဂ ဥပေက္ခကာ-၌ ဆ-အရကိုလည်း ရေတွက်ပြပါ။

၄။ **(ဖြေ)** **ပုထုဇဉ်ပုဂ္ဂိုလ်၏ စိတ်ကား-**

သောတာပတ္တိမဂ္ဂဝီထိ၌ပါသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ပါး ဖြစ်ပါသည်။ (၄-မှတ်)

**မှတ်ချက်-မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ပါး-ဟုသာ ဖြေက (၁)မှတ်သာ ပေးရန်။**

**ဝီထိစဉ်တစ်ခုကား-**

အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘု သောတာပတ္တိမဂ်ဇောတစ်ကြိမ် သောတာပတ္တိဖိုလ်ဇောနှစ်ကြိမ် ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။ (ပါ-၁၆၁) (၃-မှတ်)

**ဆ-အရကား-**

မဟဂ္ဂုတ်ကြိယာ ဥပေက္ခာဇော (၅) ပါး

အရဟတ္တဖိုလ် ပဥ္စမဈာန်ဥပေက္ခာဇော (၁) ပါး ပေါင်း (၆)ပါး ဖြစ်ပါသည်။ (ပါ-၆၃) (၃-မှတ်)

၅။ **(မေး)** မဟုတ်မမှန် လုပ်ကြံဇာတ်ခင်း ဝါဒဖြန့်ပြောဆိုခြင်းသည် အဘယ်တရားများကြောင့် ဖြစ်ပေါ်လာရပါသနည်း? ဖြေဆို၍၊ ယင်းအကုသိုလ်ကံက ရူပဘုံ၌ အကျိုးပေးနိုင်/မပေးနိုင် သေချာစိစစ် ဆုံးဖြတ်ပြီးလျှင်၊ သက်မဲ့စက်ရုပ်လူသားများ အသံထွက်စကားပြောနိုင်ရခြင်းကိုလည်း အသင့်ယုတ္တိပြလျက် ဖြေရှင်းပါ။

၅။ (ဖြေ) **ဝါဒဖြန့်ပြောဆိုခြင်း၏ အကြောင်းတရားများ-**
လောဘမူလ, လောဘမူလရှိသောစိတ်၊
ဒေါသမူလ ဒေါသမူလရှိသောစိတ်တို့ ဖြစ်ပါသည်။ (ပါ-၈၃) (၃)မှတ်
**မှတ်ချက်။ ။လောဘမူလ ဒေါသမူလကြောင့်ဟုသာ ဖြေပါက (၂)မှတ်သာပေးရန်။**

**အကျိုးပေးနိုင်/မပေးနိုင် သေချာစိစစ် ဆုံးဖြတ်ပုံ-**
ယင်းဝါဒဖြန့်ပြောဆိုခြင်း အကုသိုလ်ကံသည် အပါယ်ဘုံ၌သာ ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကြောင့် ရူပဘုံ၌ ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါ။
ကာမဘုံ ရူပဘုံတို့၌ ပဝတ္တိအကျိုးကို ထိုက်သည့်အားလျော်စွာ ပေးနိုင်သောကြောင့် ရူပဘုံ၌ ပဝတ္တိအကျိုးကို ပေးနိုင်ပါသည်။ (ပါ-၈၅) (၄)မှတ်

**သက်မဲ့စက်ရုပ်လူသားများ အသံထွက်စကားပြောနိုင်ပုံ**
သဒ္ဒေါ စိတ္တောတုဇော-ကို ထောက်၍
စိတ်, ဥတုဟူသော အသံဖြစ်ကြောင်းတရားတို့တွင် သက်မဲ့စက်ရုပ်လူသားများ၌ စိတ္တဇသဒ္ဒ မရသော်လည်း ဥတုဇသဒ္ဒရနိုင်သည့်အတွက် ယင်းဥတုဇသဒ္ဒကြောင့် သက်မဲ့စက်ရုပ်လူသားများ အသံထွက်စကားပြောနိုင်ရပါသည်။ (ပါ-၁၀၇) (၃)မှတ်

၆။ **(မေး)** အမြင်အာရုံ, အနံ့အာရုံတို့ ဆိုင်ရာပသာဒတို့သို့ ထင်လာကြရာတွင် ထင်လာပုံ ထူးခြားချက်ကို ဖြေဆို၍၊ ကာမပဋိသန္ဓေမျိုးစေ့မရှိဘဲ ပြဟ္မာတို့သန္တာန်ဝယ် ဖြစ်နိုင်သော ကာမဝိပါက်စိတ်တို့ကိုလည်း ဆိုင်ရာ အကြောင်းနှင့်တကွ တွဲစပ်ဖော်ပြပါ။

၆။ (ဖြေ) **ထင်လာပုံ ထူးခြားချက်ကား-**
အမြင်အာရုံသည် မိမိတည်ရာအရပ်၌ တည်၍သာလျှင် နှလုံးသွင်းအားလျော်စွာ များစွာသော ရုပ်ကလာပ်တို့ဖြစ်၍ ထင်လာကြပါသည်။
အနံ့အာရုံသည် မှီရာဃာနပသာဒ၌ ငြိကပ်လာမှသာလျှင် တစ်ခုတစ်ခုသော ရုပ်ကလာပ်တို့ဖြစ်၍လည်း ထင်လာကြပါသည်။ ဤသို့ ထူးခြားပါသည်။ (ဋီ-၁၄၁) (၅-မှတ်)

**ကာမဝိပါက်စိတ်တို့ကို ဆိုင်ရာ အကြောင်းနှင့်တကွ တွဲစပ်ဖော်ပုံ-**
စက္ခုဝိညာဏ်စိတ် သောတဝိညာဏ်စိတ်တို့သည် စက္ခုန္ဒြေ သောတိန္ဒြေတို့ ဖြစ်ခြင်း၏ အစွမ်းကြောင့် ဖြစ်နိုင်ကြပါသည်။
သမ္ပဋိစ္ဆိုန်းစိတ် သန္တီရဏစိတ်တို့သည် ဒွါရဝီထိအထူးပြား၌ စိတ်ဖြစ်ပုံ မြဲသောကြောင့် ဖြစ်နိုင်ကြပါသည်။ (ဋီကာကျော်-၁၅၄) (၅-မှတ်)

၇။ **(မေး)** မဟာကပ်ခေါ် တစ်ကမ္ဘာ၏ ကြာမြင့်ချိန်ကို ဖြေဆို၍၊ ရဟန်းတော်များ ဓမ္မစကား ပြောကြားမှုသည် ဘာဝနာကုသိုလ်ဖြစ်နိုင်/ မဖြစ်နိုင် အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်၊ သင်္ခါရေန ဇနိယမာန်-၌ သင်္ခါရ သရုပ်ကိုလည်း ထုတ်ပြပါ။

၇။ (ဖြေ) **မဟာကပ်ခေါ် တစ်ကမ္ဘာ၏ ကြာမြင့်ချိန်-**
အလျားအနံ တစ်ယူဇနာရှိသော မုန့်ညင်းစေ့ပုံကြီးမှ အနှစ်တစ်ရာ အနှစ်တစ်ရာ ကြာသောအခါ မုန့်ညင်းစေ့ တစ်စေ့တစ်စေ့ကို ထုတ်ယူသော် မုန့်ညင်းစေ့ပုံကြီးကုန်သွားသော်လည်း ကုန်ခန်းခြင်း မရှိလောက်အောင် ကြာမြင့်ပါသည်။ (ဋီကာကျော်-၁၆၈) (၃-မှတ်)

**ဘာဝနာကုသိုလ်ဖြစ်နိုင်/ မဖြစ်နိုင် အကြောင်းပြ ဆုံးဖြတ်ပုံ-**
ကုသိုလ်တရားတို့ကို အဖန်ဖန်မှီဝဲတတ်သောကြောင့်လည်းကောင်း၊ ဓမ္မစကား ပြောကြားနေစဉ် ဒေသနာသို့ အစဉ်လိုက်သဖြင့် ဉာဏ်ကို စေလွှတ်၍ လက္ခဏာတို့ကို ထိုးထွင်းကာ သိ၍ ဟောပြောခြင်းသည် ပဋိဝေဓဉာဏ်ကို ဆောင်နိုင်သောကြောင့်လည်းကောင်း ဘာဝနာကုသိုလ် ဖြစ်နိုင်ပါသည်။
(ဋီကာကျော်-၁၇၇) (၃-မှတ်)

**သင်္ခါရသရုပ်ကား-**
၁။ ကုသိုလ် အကုသိုလ်စေတနာ။
၂။ ထိုကုသိုလ် အကုသိုလ်စေတနာနှင့် တကွဖြစ်သော ဖဿ-စသော တရားပေါင်း။
၃။ မရဏာသန္နဇောနှင့်တကွဖြစ်သော စေတနာ။
၄။ ထိုစေတနာနှင့်တကွဖြစ်သော ဖဿ-စသော တရားပေါင်း။ (ဋီကာ-၁၈၉) (၄-မှတ်)

၈။ **(မေး)** ကမ္မဇတာရုပ်၏ သဘောကို ဥပမာနှော ဖော်ပြ၍၊ ယင်းရုပ်ကို ကမ္မဇရုပ်ဟုဆိုက သင့်/မသင့် စိစစ်ပြကာ၊ ဣန္ဒြိယရုပ်တို့ အစိုးရရာ ဌာန(၃)မျိုးကိုလည်း ဖော်ပြပါ။

၈။ (ဖြေ) **ကမ္မဇတာရုပ်၏ သဘောကို ဥပမာနှော ဖော်ပြပုံ-**
ကောင်းစွာ ချော်ပြီး ဦးပြီးသော ရွှေသည် ပုတီး နားတောင်း-စသော တန်ဆာပြုလုပ်မှုအား လျော်သကဲ့သို့ ကိုယ်မှုဆိုင်ရာ ကိစ္စတို့အား လိုက်လိုက်လျောလျော ကောင်းသောသဘောသည် ကမ္မဇတာ မည်ပါသည်။ (ဋီကာကျော်-၂၀၂) (၃-မှတ်)

**ကမ္မဇရုပ်ဟုဆိုက သင့်/မသင့် စိစစ်ပြပုံ-**
(ကမ္မဇရုပ်တို့သည် အခါခပ်သိမ်း ဖြစ်နေတတ်သကဲ့သို့ ကမ္မဇတာရုပ်သည် အခါခပ်သိမ်း ဖြစ်နေတတ်သော သဘောမရှိ။) ကမ္မဇတာရုပ်သည် စိတ် ဥတု အာဟာရဟူသော ပစ္စုပ္ပန် အကြောင်းကိုသာ ငဲ့သောကြောင့် ကမ္မဇရုပ်ဟုဆိုက မသင့်ပါ။ (ဋီကာကျော်-၂၁၀) (၄-မှတ်)

**အစိုးရရာ ဌာန(၃)မျိုး-**
၁။ ပဉ္စဝိညာဏ်။
၂။ လိင်စသည်။
၃။ တကွဖြစ်ဖက် ရုပ်တို့ကို စောင့်ရှောက်ခြင်း။ (ဋီကာကျော်-၂၀၄) (၃-မှတ်)

# အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇-ခုနှစ်၊ (၂၀၂၅) ပထမလက်တန်း။ ။သုတ္တန္တိကမာတိကာနှင့် ဓာတုကထာ

## မေးခွန်းနှင့်အဖြေ

---

၁။ (မေး) သုတ္တန္တိကမာတိကာလာ အာဒိလဒ္ဓနာမဒုက်တို့တွင် အလယ်တည့်တည့်ဒုက်ကို အမည်မျှသာ ဖော်ပြ၍၊ အောက်ပါပုဂ္ဂိုလ်တို့၌ ရနိုင်သော အရတရားတို့ကို ကောက်ပြပါ။

(က) နူးညံ့ပြေပြစ် ချစ်ဖွယ်စကား ပြောကြားတတ်သူ။

(ခ) အထူးသဖြင့် အယူစင်ကြယ်သူ။

**(ဖြေ) အလယ်တည့်တည့်ဒုက်ကား**

ဓာတုကုသလတာဒုက် ဖြစ်ပါသည်။ (ကောက်-၁၃၉) (၂-မှတ်)

**(က) နူးညံ့ပြေပြစ် ချစ်ဖွယ်စကား ပြောကြားတတ်သူ-အရတရား**

ချစ်ဖွယ်သောစကားကို ဆိုသောအခါ မဟာကုသိုလ်စိတ်(၈)ခု၊ မဟာကြိယာစိတ်(၈)ခု၊ စေတသိက် အဌတိံသ ရ၏။ (ကောက်-၁၄၃) (၄-မှတ်)

**(ခ) အထူးသဖြင့် အယူစင်ကြယ်သူ-အရတရား**

ကမ္မဿကတဉာဏ် သစ္စာနုလောမိကဟုဆိုအပ်သော ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရ၏။ (ကောက်-၁၄၈/၉) (၄-မှတ်)

၂။ (မေး) သမာဓိန္ဒြေ(၂)မျိုးအရကို ဓာတုကထာ ဥဒ္ဒေသနှင့်အညီ ကောက်ပြ၍၊ စတုတ္ထချာန်-၌ ရေတွက် အပ်သော ခန္ဓာ, အာယတန, ဓာတ်တို့ကိုလည်း သရုပ်ထုတ်ကာ ရေတွက်ပြပါ။

**(ဖြေ) သမာဓိန္ဒြေ ၂-မျိုး အရကောက်ပုံ**

**ဗာဝီသတိန္ဒြိယာနိ-လာ သမာဓိန္ဒြေ-အရ**

ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ဒွေးပဉ္စဝိညာဏ်(၁၀)၊ မနောဓာတ်(၃)ခု၊ သန္တီရဏစိတ်(၃)ခု ကြဉ်သော စိတ်(၇၂)ခု၌ရှိသော ဧကဂ္ဂတာစေတသိက် ရ၏။ (ကောက်၊ ၁၉၄) (၃-မှတ်)

**ပဉ္စိန္ဒြိယာနိ-လာ သမာဓိန္ဒြေ-အရ**

လောကုတ္တရာစိတ်(၈)ခု၌ရှိသော ဧကဂ္ဂတာစေတသိက် ရ၏။ (ကောက်-၁၉၃) (၃-မှတ်)

**စတုတ္ထချာန်-၌ ရေတွက် အပ်သော ခန္ဓာ, အာယတန, ဓာတ်**

**ခန္ဓာကား-** ဝေဒနာက္ခန္ဓာ, သင်္ခါရက္ခန္ဓာအားဖြင့် နှစ်ပါးဖြစ်ပါသည်။ (၂-မှတ်)

**အာယတနကား-** ဓမ္မာယတနအားဖြင့် တစ်ပါးဖြစ်ပါသည်။ (၁-မှတ်)

**ဓာတ်ကား-** ဓမ္မဓာတ်အားဖြင့် တစ်ပါးဖြစ်ပါသည်။ (ကောက်-၁၉၅) (၁-မှတ်)

၃။ **(မေး)** အောက်ဖော်ပြပါ တရားတို့ကို ဓာတုကထာဥဒ္ဒေသနှင့်အညီ ကောက်ပြပါ။
(က) ကမ္မဘဝ၊ (ခ) အရူပဘဝ၊ (ဂ) နေဝသညာနာသညာယတနဘဝ။

၃။ **(ဖြေ)** **(က) ကမ္မဘဝ-အရ**
အကုသိုလ်ဒွါဒသ၊ လောကီကုသိုလ်သတ္တရသ၌ရှိသော စေတနာသည် 'ကမ္မဘဝ' မည်၏။
(ကောက်၊ ၁၉၆) (၄-မှတ်)

**(ခ) အရူပဘဝ-အရ**
အရူပဝိပါက်(၄)ခု၊ စေတသိက် တိံသသည် အရူပဘဝ မည်၏။ (ကောက်၊ ၁၉၇) (၃-မှတ်)

**(ဂ) နေဝသညာနာယတနဘဝ-အရ**
နေဝသညာနာသညာယတနဝိပါက်စိတ် ၁-ခု၊ စေတသိက် တိံသသည် နေဝသညာနာသညာယတန ဘဝမည်၏။ (ကောက်၊ ၁၉၇) (၃-မှတ်)

၄။ **(မေး)** အောက်ပါ ပုစ္ဆာတို့၏ ဝိဿဇ္ဇနာပါဠိတို့ကို ဖြေဆိုပါ။
(က) သညာဘဝေါ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတောတိ။
(ခ) ဥပါယာသော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတောတိ။

၄။ **(ဖြေ)** (က) သညာဘဝေါ ပဉ္စဟိ ခန္ဓေဟိ၊ ဧကာဒသာဟာယတနေဟိ၊ သတ္တရသဟိ ဓာတူဟိ သင်္ဂဟိတော။ (ကောက်-၁၉၇) (၅-မှတ်)

(ခ) ဥပါယာသော စတူဟိ ခန္ဓေဟိ၊ ဧကာဒသာဟာယတနေဟိ၊ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော။ (ကောက်၊ ၁၉၈) (၅-မှတ်)

၅။ **(မေး)** အပ္ပစ္စယေဟိ ဓမ္မေဟိ ယေ ဓမ္မာ-၌ ယေ ဓမ္မာ-အရကို တတိယနယနှင့်အညီ စွဲပြ၍၊ သောကေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ-အရကို စတုတ္ထနယ, သဠာယတနေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ-အရကို ပဉ္စမနယတို့နှင့်အညီ ယေ-နှစ်ချက်စီ အသီးအသီး စွဲပြပါ။

၅။ **(ဖြေ)** **တတိယနယနှင့်အညီ ယေ-စွဲပုံ**
အပ္ပစ္စယေဟိ၊ ကံ စိတ် ဥတု အာဟာရ အကြောင်းတရား မရှိကုန်သော။ ဓမ္မေဟိ၊ နိဗ္ဗာန်တရားတို့သည်။ ယေ ဓမ္မာ၊ အကြင်ဝေဒနာ သညာ သင်္ခါရ သုခုမရုပ်တို့ကို။ (ကောက်၊၂၄၄) (၂-မှတ်)

**စတုတ္ထနယနှင့်အညီ ယေ-စွဲပုံ**
သောကေန၊ သောကသည်။ ယေ ဓမ္မာ၊ အကြင်သောက(ဒေါမနဿိန္ဒြေ)ကြဉ်သော ဝေဒနိန္ဒြေ လေးပါးတို့ကို။ (၂-မှတ်)
တေဟိ ဓမ္မေဟိ၊ ထိုသောက(ဒေါမနဿိန္ဒြေ)ကြဉ်သော ဝေဒနိန္ဒြေ လေးပါးတို့သည်။ ယေ ဓမ္မာ၊ အကြင်သောက (ဒေါမနဿိန္ဒြေ)တို့ကို။ (ကောက်၊ ၂၅၁) (၂-မှတ်)

**စတုတ္ထနယနှင့်အညီ ယေ-စွဲပုံ**
(နာမရူပပစ္စယာ၊ နာမ်ရုပ်ဟူသောအကြောင်းကြောင့်။ သမ္ဘဝေန၊ ဖြစ်သော။) သဠာယတနေန၊ သဠာယတနသည်။ (ဝါ)အဇ္ဈတ္တိကာယတနခြောက်ပါးသည်။ ယေ ဓမ္မာ၊ အကြင်ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်တို့ကို။ (၂-မှတ်)
တေဟိ ဓမ္မေဟိ၊ ထိုဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်တို့သည်။ ယေ ဓမ္မာ၊ အကြင်သြဠာရိကရုပ်ဒွါဒသ ဝိညာဏက္ခန္ဓာတို့ကို။ (ကောက်၊၅၉) (၂-မှတ်)

၆။ (မေး) သဠနယအကျဉ်းဆောင်ပုဒ်လာ 'နေ'အရ ယူရမည့်ဟောပုဒ်တို့ကို ကုန်စင်အောင် ဖော်ပြ၍၊ ဖဿ-၏ ကေဟိစိသမ္ပယုတ်တရား, ကေဟိစိဝိပ္ပယုတ်တရားတို့ကိုလည်း တိကျစွာ ထုတ်ပြပါ။

၆။ (ဖြေ) **'နေ'အရ ယူရမည့်ဟောပုဒ်-**
နေဝဝိပါကနဝိပါကဓမ္မဓမ္မာ၊ (၂-မှတ်)
အနုပါဒိန္နုပါဒါနိယာ ဓမ္မာ၊ (၂-မှတ်)
အနုပ္ပန္နာ ဓမ္မာ၊ (၁-မှတ်)
မဟန္တရဒုက်၌လာ- အနုပါဒိန္နာ ဓမ္မာ။ (ကောက်-၂၆၆) (၁-မှတ်)

**ဖဿ-၏ ကေဟိစိသမ္ပယုတ်တရား -**
သင်္ခါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်၌အကျုံးဝင်သော ဖဿကြဉ်သော စေတသိက်ဇကပညာသ ဖြစ်ပါသည်။ (၂-မှတ်)
**ဖဿ-၏ ကေဟိစိဝိပ္ပယုတ်တရား -**
ဓမ္မာယတန ဓမ္မဓာတ်၌အကျုံးဝင်သော သုခုမရုပ်သောဠသ, နိဗ္ဗာန်တို့ဖြစ်ပါသည်။
(ကောက်-၂၇၃) (၂-မှတ်)

၇။ (မေး) သတ္တမနယ-လာ အဓိမောက္ခ၏ နိဒ္ဒေသပါဠိတော်တို့ကို သရုပ်များ တိကျပေါ်လွင်စေလျက် အနက်ပေးပါ။

(ဖြေ) **သရုပ်များပေါ်လွင်စေလျက် အနက်ပေးပုံ**
အဓိမောက္ခေန၊ အဓိမောက္ခနှင့်။ ယေ ဓမ္မာ၊ အကြင်အဓိမောက္ခဖြစ်သောစိတ်(၇၈)ခု, အဓိမောက္ခ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသတို့သည်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်၏။ (၃-မှတ်)

တေဟိ ဓမ္မေဟိ၊ ထိုအဓိမောက္ခဖြစ်သောစိတ်(၇၈)ခု, စေတသိက်ဇကပညာသတို့နှင့်။ ယေ ဓမ္မာ၊ အကြင်ဒွေးပဉ္စဝိညာဏ် ၁၀, ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်, ရုပ်အဋ္ဌဝီသ နိဗ္ဗာန်တို့သည်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။ (၃-မှတ်)

တေ ဓမ္မာ၊ ထိုဒွေးပဉ္စဝိညာဏ် ၁၀, ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်, ရုပ်အဋ္ဌဝီသ နိဗ္ဗာန်တို့သည်။ ကတိဟိ၊ အဘယ်မျှကုန်သော။ ခန္ဓေဟိ၊ ခန္ဓာတို့နှင့်။ ကတိဟိ၊ အဘယ်မျှကုန်သော။ အာယတနေဟိ၊ အာယတနတို့နှင့်။ ကတိဟိ၊ အဘယ်မျှကုန်သော။ ဓာတူဟိ၊ ဓာတ်တို့နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန် သနည်း။ ဣတိ-ပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိလသော်။ (၂-မှတ်)

တေ ဓမ္မာ၊ ထိုဒွေးပဥ္စဝိညာဏ် ၁၀, ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်, ရုပ်အဋ္ဌဝီသ နိဗ္ဗာန်တို့သည်။ ကေဟိစိ၊ တစ်စုံတစ်ခုကုန်သော။ ခန္ဓေဟိ၊ ခန္ဓာတို့နှင့်။ န ဝိပ္ပယုတ္တာ၊ ဝိပ္ပယုတ်မဖြစ်ကုန်။ ကေဟိစိ၊ တစ်စုံတစ်ခုကုန်သော။ အာယတနေဟိ၊ အာယတနတို့နှင့်။ န ဝိပ္ပယုတ္တာ၊ ဝိပ္ပယုတ်မဖြစ်ကုန်။ ဧကာယ၊ တစ်ပါးသော။ ဓာတုယာ၊ မနောဓာတ်နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။ ဣတိ-ဝိဿဇ္ဇနာ၊ ဤသို့ ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။ (ကောက်-၂၈၅) (၂-မှတ်)

**မှတ်ချက်။ သရုပ်အရကောက်များ လွဲမှားနေသော် အမှတ်မပေးရ။**

၈။ **(မေး)** ကာမဘဝေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ-အရကို အဋ္ဌမနယ, ပရိဒေဝေန ယေဓမ္မာ-၌ ယေ ဓမ္မာ-အရကို ဧကာဒသမနယတို့နှင့်အညီ ကောက်ပြ၍၊ ကတ္တားလည်းပြန် ကေဟိစိလည်းထုတ်ရသောနယတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ **(ဖြေ)** **ကာမဘဝေန ယေ ဓမ္မာ-၌ ယေ ဓမ္မာ-အရကို အဋ္ဌမနယနှင့်အညီ ကောက်ပုံ-**
ရူပဘဝ အရူပဘဝဟူသော စိတ် စေတသိက် ကုသိုလ် အကုသိုလ် ဖိုလ် ကြိယာစိတ္တုပ္ပါဒ် ရ၏။
(ကောက်၊ ၂၉၃) (၄-မှတ်)

**ပရိဒေဝေန ယေဓမ္မာ-၌ ယေ ဓမ္မာ-အရကို ဧကာဒသမနယတို့နှင့်အညီ ကောက်ပုံ-**
အပရိဒေဝစိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒ ရ၏။ (ကောက်၊ ၃၁၉) (၃-မှတ်)

**ကတ္တားလည်းပြန် ကေဟိစိလည်း ထုတ်ရသော နယ-**
သတ္တမနယ နဝမနယ ဒသမနယတို့ ဖြစ်ပါသည်။ (၆၅-ကျမ်း ကောက်-၇၁၄) (၃-မှတ်)

---

၁။ (မေး) မူလယမိုက် အကုသလပဒ မူလမူလနယ ဧကမူလယမကကို ပုစ္ဆာ၊ ဝိဿဇ္ဇနာပါဠိ အပြည့်အစုံ ထုတ်ပြ၍၊ နှစ်ဘက်ရတရားကိုသာ ကောက်ပြပါ။

၁။ (ဖြေ) **မူလယမိုက် အကုသလပဒ မူလမူလနယ ဧကမူလယမကကို ပုစ္ဆာ၊ ဝိဿဇ္ဇနာပါဠိ**

ယေ ကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အကုသလမူလေန ဧကမူလမူလာတိ။ (၁-မှတ်)

အဟေတုကံ အကုသလံ အကုသလမူလေန န ဧကမူလမူလံ။ (၂-မှတ်)

သဟေတုကံ အကုသလံ အကုသလမူလေန ဧကမူလမူလံ။ (၂-မှတ်)

**နှစ်ဘက်ရကား**

အကုသိုလ်စိတ်ဒွါဒသ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်သတ္တဝီသ ရ၏။

(ကောက်-၃၁/၃၂) (၅-မှတ်)

၂။ (မေး) နာမသာမည်၌ နာမမူလ မမည်သောတရားတို့ကို ကောက်ပြပြီးလျှင်၊ အဗျာကတပဒ၌ အဗျာကတ သမုဋ္ဌာနံ ရူပံ-ဟု ဟောတော်မမူရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၂။ (ဖြေ) **နာမသာမည်၌ နာမမူလ မမည်သောတရား**

စိတ်တစ်ခုယုတ် ကိုးဆယ်၊ နာမမူကိုးခုကြဉ်သော စေတသိက် ဆစတ္တာလီသ၊ နိဗ္ဗာန် ရ၏။

(ကောက် ၃၆) (၅-မှတ်)

**အဗျာကတသမုဋ္ဌာနံ ရူပံ-ဟု ဟောတော်မမူရခြင်းအကြောင်း**

ရုပ်ဟူသမျှ အဗျာကတတရားပင်ဖြစ်သောကြောင့် အဗျာကတသမုဋ္ဌာနံ ရူပံ-ဟု ဟောတော် မမူရခြင်း ဖြစ်ပါသည်။ (ကောက်-၃၄) (၅-မှတ်)

၃။ (မေး) သင်္ခါရသာမည်၌ သင်္ခါရက္ခန္ဓာ မမည်သောတရားတို့ကို မှန်ကန်စွာ ကောက်ပြ၍၊ ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိဿတိ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ-၌ တစ်ဘက်ရဝိဿဇ္ဇနာပါဠိကိုသာ အနက် ပေးပြပါ။

၃။ (ဖြေ) **သင်္ခါရသာမည်၌ သင်္ခါရက္ခန္ဓာမမည်သောတရား**

စိတ်တစ်ခုယုတ်ကိုးဆယ်၊ ဝေဒနာ၊ သညာ၊ ရုပ်အဋ္ဌဝီသ ရ၏။ (ကောက်- ၆၀) (၅-မှတ်)

**ဝိဘင်းပါဠိအနက်ပေးပုံ-**

ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အရူပံ-အရူပဘဝေ၊ အရူပဘုံ၌။ (တစ်နည်း) အရူပံ-အရူပဘဝံ၊ အရူပဘုံသို့။ ဥပပဇ္ဇိတွာ၊ ဖြစ်ကုန်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ နုပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့. ။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာသည်။ နော စ နုပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့.။(တစ်နည်း) နုပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့သည်ကား။ နော၊ မဟုတ်။ ဥပ္ပဇ္ဇိဿတိ ဧဝ၊ ဖြစ်လတ္တံ့သည်သာတည်း။

(ကောက်-၇၄) (၅-မှတ်)

၄။ **(မေး)** အောက်ပါတို့တွင် (က)ကို ဝိဘင်းပါဠိ (ခ)ကို အရကောက်ပြပါ။

(က) ဝေဒနာက္ခန္ဓာဖြစ်ဆဲသော ပုဂ္ဂိုလ်ဘုံအား သင်္ခါရက္ခန္ဓာ ဖြစ်ဘူးသလော?

(ခ) ယော ရူပက္ခန္ဓံ န ပရိဇာနာတိ၊ သော ဝေဒနာက္ခန္ဓံ န ပရိဇာနိဿတီတိ။

၄။ **(ဖြေ)** **(က) ဝိဘင်းပါဠိ**

သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နော စ တေသံ တတ္ထ သင်္ခါရက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ။ (၂)မှတ်

ဣတရေသံ စတုဝေါကာရံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇတိ၊ သင်္ခါရက္ခန္ဓော စ ဥပ္ပဇ္ဇိတ္ထ။ (ကောက်-၈၀) (၃-မှတ်)

**(ခ) အနုလောမပုစ္ဆာ၌ သန္နိဋ္ဌာန်ပုဒ်၏အရကား**

ကျွတ်ထိုက်သောပုထုဇဉ်, အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက် ရ၏။ (၂-မှတ်)

မကျွတ်ထိုက်သောပုထုဇဉ်, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်လည်း ရ၏။ (၂-မှတ်)

**သံသယပုဒ်၏အရကား-**

မကျွတ်ထိုက်သောပုထုဇဉ်, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်သာ ရ၏။ (ကောက်- ၁၀၄) (၁)မှတ်

၅။ **(မေး)** အောက်ပါတို့၏ တစ်ဘက်ရတရားကိုသာ အရကောက်ပြပါ။

(က) ဂန္ထမည်သောတရားသည် ဂန္ထာယတနမည်သလော?။

(ခ) ယဿ ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ။

၅။ **(ဖြေ)** **(က) တစ်ဖက်ရတရား**

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ-ဟု ဆိုအပ်သော သီလက္ခန္ဓ၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ-ဟု ဆိုအပ်သော သမာဓိက္ခန္ဓ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ-ဟု ဆိုအပ်သော ပညာက္ခန္ဓ ရ၏။

(ကောက်-၁၁၂) (၃-မှတ်)

(ခ) တစ်ဖက်ရတရား

စက္ခာယတနသာဖြစ်၍ ဃာနာယတနမဖြစ်ကောင်းသော သံသေဒဇ ဂဗ္ဘသေယျက ဥပပဇ္ဇန္တ ဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊

စက္ခာယတနသာဖြစ်၍ ဃာနာယတနမဖြစ်မီ စုတေလတ္တံ့သော ဂဗ္ဘသေယျက ဥပပဇ္ဇန္တ ဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ဤပုဂ္ဂိုလ်တို့အား နိရယကြဉ်သော အပါယ်သုံးဘုံ၊ မနုဿဘုံ၊ ဘုမ္မဿိတပိန်ပါတိကအသုရာဟုဆိုအပ်သော စာတုမဟာရာဇ်အားဖြင့် ကာမာဝစရ ငါးဘုံ။ (၄-မှတ်)

ရူပါဝစရ ပဋိသန္ဓေ ငါးခု၊ စေတသိက် ပဉ္စတိံသ၊ ကမ္မဇကလာပ်လေးစည်းတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ရူပါဝစရဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ ရ၏။ (ကောက်-၁၃၀) (၃-မှတ်)

၆။ (မေး) မနာယတန, ဓမ္မာယတန နှစ်ပါးစုံ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့ကို မှန်ကန်စွာ အရကောက်ပြ၍၊ ယဿ ယတ္ထ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ, တဿ တတ္ထ ရူပါယတနံ နုပ္ပဇ္ဇိဿတီတိ-၌ ဝိဘင်းပါဠိကိုလည်း ထုတ်ပြပါ။

၆။ (ဖြေ) နှစ်ပါးစုံဖြစ်လတ္တံ့သောပုဂ္ဂိုလ်

ပစ္ဆိမဘဝိကမှတစ်ပါး ခပ်သိမ်းသော ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်၊ အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက် ရ၏။ (ကောက်-၁၃၇) (၅-မှတ်)

ဝိဘင်းပါဠိ

အသညသတ္တာနံ တေသံ တတ္ထ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ၊ နော စ တေသံ တတ္ထ ရူပါယတနံ နုပ္ပဇ္ဇိဿတိ။

ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ အရူပါနံ တေသံ တတ္ထ စက္ခာယတနဉ္စ နုပ္ပဇ္ဇိဿတိ၊ ရူပါယတနဉ္စ နုပ္ပဇ္ဇိဿတိ။ (ကောက်-၁၃၉) (၅-မှတ်)

၇။ (မေး) မဂ္ဂေါ မဂ္ဂသစ္စန္တိ-၌ တစ်ဘက်ရဝိဘင်းပါဠိကို အရကောက်ပေါ်လွင်စေလျက် အနက်ပေးပြီးလျှင်၊ ယဿ ယတ္ထ သမုဒယသစ္စံ နုပ္ပဇ္ဇတိ, တဿ တတ္ထ မဂ္ဂသစ္စံ နုပ္ပဇ္ဇတီတိ-၌ နှစ်ဘက်ရတရားကိုလည်း ကောက်ပြပါ။

၇။ (ဖြေ) တစ်ဘက်ရဝိဘင်းကို အနက်ပေးပုံ

မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဌပေတွာ၊ ကြဉ်ထား၍၊ အဝသေသော၊ ကြွင်းသော သဟိတ်ကာမာဝစရ ဝိပါက် ကြိယာ မဟဂ္ဂုတ်စိတ်၌ရှိသော ပဉ္စင်္ဂိကမဂ်၊ မဟာကုသိုလ်စိတ်(၈)ခု၌ရှိသော အဋ္ဌင်္ဂိကမဂ်၊ ဖိုလ်လေးခု၌ရှိသော အဋ္ဌင်္ဂိကမဂ်၊ မိစ္ဆာမဂ်၊ ဇဂ်မဂ်၊ သကဋမဂ်-အစရှိသော မဂ္ဂသာမညသည်။ မဂ္ဂေါ၊ မဂ်မည်၏၊ န မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာ မမည်။ (ကောက်-၂၁၀) (၅-မှတ်)

**နှစ်ဘက်ရကောက်ပုံ**

ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂကွဏာသမင်္ဂီ၊ တဏှာကင်းသော မဂ်ကင်းသော စိတ်(၇၇)ခု၊ လောဘဒိဋ္ဌိ မာနကြဉ်သော စေတသိက်(၄၉)ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ပုထုဇဉ်ပုဂ္ဂိုလ်(၄)ယောက်၊ အရိယာပုဂ္ဂိုလ်(၈)ယောက်တို့အား စတုဝေါကာရ(၄)ဘုံ၊ ပဉ္စဝေါကာရ(၂၆)ဘုံ။ အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။

(ကောက်-၂၂၀) (၅-မှတ်)

၈။ **(မေး)** သမုဒယသစ္စာဖြစ်ဘူးသောပုဂ္ဂိုလ်အား မဂ္ဂသစ္စာဖြစ်ဘူးသလော?ဟူသော အမေးပုစ္ဆာ၌ တစ်ဘက်ရတရားကို ကောက်ပြ၍၊ ဥပ္ပါဒ အတီတပုဂ္ဂလောကာသဝါရ ဒုက္ခသစ္စမူ သမုဒယသစ္စမူလီ-၌ အဘယ့်ကြောင့် အဘယ်တရားတို့ကို တံသဒိသဒုတိယစိတ်အမည်ဖြင့် ကောက်ရသည်ကိုလည်း ဖြေဆိုပါ။

၈။ **(ဖြေ)** **တစ်ဘက်ရ တရား**

အစမထင်သံသရာမှ စ၍ သောတာပတ္တိမဂ်တိုင်အောင် သစ္စာလေးပါးတရားတို့ကို သိဘူးပြီးသော အဖြစ်သို့ မရောက်ကုန်သေးသော ပုထုဇဉ်ပုဂ္ဂိုလ်(၄)ယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ရ၏။

(ကောက် ၂၂၂) (၅-မှတ်)

**တံသဒိသဒုတိယစိတ်အမည်ဖြင့် ကောက်ရပုံ**

(ပဋိသန္ဓေနောင် ပထမဘဝင်ဟုဆိုအပ်သော) မုချဒုတိယစိတ်နှင့် သမုဒယသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် ဘဝင်တဆဲ့ငါးချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကပထမဇော ဤတဆဲ့ခုနှစ်ချက်သော စိတ်တို့ကို တံသဒိသဒုတိယစိတ်အမည်ဖြင့် ကောက်ရပါသည်။

(ကောက်-၂၂၂) (၅-မှတ်)

## အစိုးရပါဠိပထမပြန်စာမေးပွဲ

### ၁၃၈၇–ခုနှစ်၊ (၂၀၂၅) ပထမလတ်တန်း။ ။ဘာသာပြန်(ဇာတက) မေးခွန်းနှင့်အဖြေ

---

အောက်ပါ ပါဠိဝါကျတို့ကို မှန်ကန်စွာ မြန်မာဘာသာသို့ ပြန်ဆိုပါ။

၁။ (မေး) အတြိစ္ဆ အတိလောဘေန၊ အတိလောဘမဒေန စ။
ဧဝံ ဟာယတိ အတ္ထမှာ၊ အဟံဝ အသိတာဘုယာ။

၁။ (ဖြေ) ငါသည် အသိတာဘူမင်းသမီးမှ ဆုတ်ယုတ်သကဲ့သို့ ထို့အတူ ထိုထိုအာရုံ၌ အလွန်လိုချင် တပ်မက်မောသူသည် အလွန်လိုချင်တပ်မက်မောသော လောဘကြောင့်လည်းကောင်း အလွန်လိုချင် တပ်မက်မောသောလောဘဖြင့် ယစ်မူးခြင်းကြောင့်လည်းကောင်း အကျိုးစီးပွားမှ ဆုတ်ယုတ်၏။
(၄-၃၂) (၁၀-မှတ်)

၂။ (မေး) ကေသို့ ကုမိနေ ဗဟူ မစ္ဆာ ပဝိသိံသု၊ အထေကော ဥဒကာသီဝိသော မစ္ဆေ ခါဒန္တော တံ ကုမိနံ ပါဝိသိ၊ မစ္ဆာ ကေတော ဟုတွာ ခါဒန္တာ ကေလောဟိတံ အကံသု။

၂။ (ဖြေ) တစ်ခုသော မြှုံး၌ များစွာကုန်သော ငါးတို့သည် ဝင်ကုန်ပြီ။ထိုအခါ တစ်ကောင်သော ရေမြွေသည် ငါးတို့ကို စားလိုသည်ဖြစ်၍ ထိုမြှုံးထဲသို့ ဝင်ပြီ။ငါးတို့သည် တစ်ပေါင်းတည်း ဖြစ်ကုန်၍ စားကုန်လျက် တခဲနက်သွေးရှိသည်ကို ပြုကြကုန်ပြီ။ (၄-၃၉) (၁၀-မှတ်)

၃။ (မေး) အထ ဗောဓိသတ္တော "မာ ခေါ တုမှေ 'အယံ ပဍ္ဍော တီသု ဝေဒေသု အတ္ထိ'တိ သညံ အကတ္ထ၊ တုမှေ 'ယမဟံ ဇာနာမိ၊ တံ သဗ္ဗံ ဇာနာမာ'တိ မညမာနာ မံ ဗဒရိရုက္ခသဒိသံ ကရောထ။

၃။ (ဖြေ) ထိုအခါ ဘုရားအလောင်းသည် သင်တို့သည် 'ဤပြဿနာသည် ဗေဒင်သုံးပုံတို့၌ ရှိ၏' ဟု အမှတ်သညာကို မပြုကြကုန်လင့်၊ သင်တို့သည် 'ငါသည် အကြင်အတတ်ကို သိ၏၊ ထိုအလုံးစုံသော အတတ်ကို သိကြကုန်၏' ဟု မှတ်ထင်ကြကုန်လျက် ငါ့ကို ဆီးပင်နှင့်တူသည်ကို ပြုကြကုန်၏။
(၄-၅၉) (၁၀-မှတ်)

အောက်ပါ မြန်မာဝါကျများကို ပါဠိဘာသာသို့ ပြန်ဆိုပါ။

၄။ (မေး) ထိုအခါ မင်းသည် ပစ္စန္တရစ်ကို ငြိမ်းစေ၍ တန်ဆာဆင်သော မြို့ကို လက်ယာရစ်ကို လှည့်၍ မင်းနန်းတော်သို့ မသွားမူ၍ ဘုရားလောင်းကို ဖူးမြင်အံ့ဟု ဥယျာဉ်သို့ သွား၍ အမှိုက်ရှုပ်နေသော ကျောင်းကို မြင်၍ သစ်ရွက်မိုးကျောင်း၏ တံခါးကို ဖွင့်၍ ကျောင်းတွင်းသို့ဝင်လသော် လျောင်း၍ နေသော ထိုဘုရားလောင်းကို မြင်၍ တစ်စုံတစ်ခုသော မချမ်းသာခြင်းသည် ဖြစ်ရာ၏ဟု ပုပ်သိုးနေ သောဆွမ်းကို စွန့်စေ၍ သစ်ရွက်မိုးကျောင်းကို သုတ်သင်စေ၍ "အရှင်ဘုရား အရှင်ဘုရားအား မချမ်းသာခြင်းသည် အဘယ်ပါနည်း"ဟု မေးပြီ။

၄။ **(ဖြေ)** အထ ရာဇာ ပစ္စန္တံ ဝူပသမေတွာ အလင်္ကတပဋိယတ္တံ နဂရံ ပဒက္ခိဏံ ကတွာ ရာဇနိဝေသနံ အဂန္ဒာ၀ “ဗောဓိသတ္တံ ပဿိဿာမီ”တိ ဥယျာနံ ဂန္ဒာ ဥက္ကာပံ အဿမပဒံ ဒိသွာ ပဏ္ဏသာလာယ ဒွါရံ ဝိဝရိတွာ အန္တောပဝိဋ္ဌော တံ နိပန္နကံ ဒိသွာ “ကေနစိ အဖာသုကေန ဘဝိတဗ္ဗ”န္တိ ပူတိဘတ္တံ ဆဍ္ဍာပေတွာ ပဏ္ဏသာလံ ပဋိဇဂ္ဂါပေတွာ “ဘန္တေ ကိံ တေ အဖာသုက”န္တိ ပုစ္ဆိ။ (၅-၇၂)(၁၀-မှတ်)

၅။ **(မေး)** ထိုနုပျိုသောမိန်းမ၏ လင်၏လည်းကောင်း မိဘတို့၏လည်းကောင်း နေသောရွာတို့၏ အကြား၌ တစ်ခု သော ရွာငယ်၌ သယောက်လင်သည် ရှိ၏၊ ထိုမိန်းမသည် ထိုသယောက်လင်ကို အောက်မေ့၍ ထိုသယောက်လင်၌ ချစ်သဖြင့် လင်၏ အိမ်၌ နေအံ့သောငှါ မစွမ်းနိုင်သည်ဖြစ်၍ သယောက်လင်၏ အိမ်၌ နှစ်ရက်သုံးရက် နေ၍ မိဘတို့၏ အိမ်သို့ သွား၏။

၅။ **(ဖြေ)** တဿာ တရုဏိတ္ထိယာ သာမိကဿ စ မာတာပိတူနဥ္စ ဝသနဂါမာနံ အန္တရေ ဧကသ္မိံ ဂါမကေ ဇာရော အတ္ထိ။ သာ တံ သရိတွာ တသ္မိံ သိနေဟေန သာမိကဿ ဂေဟေ ဝသိတုံ အသက္ကောန္တီ ဇာရဿ ဂေဟေ ကတိပါဟံ ဝသိတွာ မာတာပိတူနံ ဂေဟံ ဂစ္ဆတိ။ (၅-၁၀၁) (၁၀-မှတ်)

**အောက်ပါပုဒ်တို့ကို ကြိယာကို ရှု၍ ပါဠိဝါကျ တည်ဆောက်ပြပါ။**

၆။ **(မေး)** (က) တုဿတိ စေဝ ဟသတိ စ။ (န၊ ဘိက္ခု၊ ဣမ၊ ဧဝ၊ ဒေဝဒတ္တ၊ မတ၊ မဟာဇန။)
(ခ) ဝုံသိ။ (တ၊ ဂန္တာ၊ ဧက၊ သိင်္ဂါလီ၊ ထောက၊ သရီရ)

၆။ **(ဖြေ)** (က) န ဘိက္ခဝေ ဣဒါနေဝ ဒေဝဒတ္တေ မတေ မဟာဇနော တုဿတိ စေဝ ဟသတိ စ။ (၅-၄၁) (၅-မှတ်)
(ခ) သော ဂန္တာ ဧကံ သိင်္ဂါလိံ ထောကံ သရီရေ ဝုံသိ။ (၅-၄၄) (၅-မှတ်)

၇။ **(မေး)** ဒုကနိပါတ် ဥပါဟနဝဂ် ဧကပဒဇာတ် အတိတ်ဝတ္ထုကို ဇာတ်လမ်းဇာတ်ကွက် မပျက်စေမူ၍ အကျဉ်းချုပ် ရေးသားခဲ့ပါ။

၇။ **(ဖြေ)** **ဥပါဟနဝဂ် ဧကပဒဇာတ် အတိတ်ဝတ္ထု-**

ရှေးအခါက ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း အုပ်စိုးစဉ် ဘုရားလောင်းသည် သူဌေးအိမ်၌ ဖြစ်၍ အရွယ်သို့ရောက်လသော် ဖခင်ကွယ်လွန်ရာအခါ၌ သူဌေးကြီးအရာကို ရလေ၏၊ တစ်နေ့သောအခါ ထိုဘုရားလောင်းသူဌေးကြီး၏ ပျိုမြစ်နုနယ် ငယ်ရွယ်သော သားငယ်သည် ဘုရားလောင်း၏ ပေါင်ပေါ်၌ ထိုင်၍ “ဖခင် အကျွန်ုပ်အား အကျိုးများစွာကို ပြီးစေနိုင်သော အကြောင်းအရာကို တစ်ပုဒ်တည်းဖြင့် အဖြေပေးပါ”ဟု ဆို၏။

ထိုအခါ ဖခင်က “အာစာရသီလနှင့်ယှဉ်သော အဓိဝါသနခန္တီနှင့် ပြည့်စုံသော မိတ်ဆွေတို့ကို ချမ်းသာစေပြီး၍ ရန်သူတို့ကို ဆင်းရဲစေနိုင်သော ဝီရိယသည် အကျိုးများစွာကို ပြီးစေနိုင်၏”ဟု အဖြေပေးလေသည်။

ဇာတ်တော်ကို ပေါင်းသည်ရှိသော် ယခင်သားငယ်သည် ယခုသားငယ်၊ ဗာရာဏသီသူဌေးသည် ဘုရား ဖြစ်လာ၏။ (၅-၃၇/ ၈) (၁၀)မှတ်

**မှတ်ချက်။ ဇာတ်တော်သဘောသက်ဝင်သော ဖြေဆိုချက်ဖြစ်လျှင် အမှတ်ပေးရန်။**

၈။ **(မေး)** အောက်ဖော်ပြပါ ဇာတ်တော်တို့ကို ဖတ်ရှုလေ့လာရသဖြင့် ရရှိနိုင်သောသင်ခန်းစာများကို ရေးသားခဲ့ပါ။

(က) ဒုကနိပါတ် သိင်္ဂါလဝဂ် ဂုတ္တိလဇာတ်။

(ခ) တိကနိပါတ် သက်ပ္ပဝဂ် ဒူတဇာတ်။

**(ဖြေ) (က) ဂုတ္တိလဇာတ် သင်ခန်းစာ**

ဤဇာတ်တော်ကို ဖတ်ရှုလေ့လာရသဖြင့် ဤလောကတွင် လူမိုက်တို့သည် မိမိအတိုင်းအတာ မသိသည့်အလျောက် သင်ယူတတ်မြောက်ထားသည့် အတတ်ပညာနှင့် ယုံကြည်မှု အားကြီးပြီး ဆရာကို တုပြိုင်တတ်၏၊ ထိုသည်ပင် သူ့ဘဝ သူကိုယ်တိုင် ဖျက်ဆီးလျက် ဖြစ်နေတော့၏၊ မပြစ်မှားသင့်သော သူကို ပြစ်မှားက မုချပျက်စီးမည်သာ ဖြစ်၏၊ သူတော်ကောင်းသည်ကား အစဉ်အမြဲ နတ်ကောင်း နတ်မြတ်များ၏ အစောင့်အရှောက် ရမြဲတည်း-စသော သင်ခန်းစာများ ရရှိပါသည်။ (၄-၄၈) (၅-မှတ်)

**(ခ) ဒူတဇာတ် သင်ခန်းစာ**

ဤဇာတ်တော်ကို ဖတ်ရှုလေ့လာရသဖြင့် ဤလောက၌ သတ္တဝါမှန်သမျှတို့သည် လိုချင်တပ်မက်မှု၌ အားကြီးစွာ ဖြစ်ကြ၍ လိုချင်မှုကြောင့် ပင်ပန်းကြီးစွာ အားထုတ်ကြရ၏၊ ရသတဏှာ၌ လျှပ်ပေါ်လော်လည်မှုကို မပြုသင့်၊ တဏှာ၏ကျေးကျွန် မဖြစ်ရလေအောင် မိမိ၏ တမန်နှင့်တူသော တဏှာကို မိမိကိုယ်တိုင် အသိဉာဏ်ပညာဖြင့် ထိန်းချုပ်ထားသင့်ကြောင်း-စသော သင်ခန်းစာများ ရရှိပါသည်။ (၄-၁၀၉) (၅-မှတ်)

**မှတ်ချက်။ ဇာတ်တော်သဘော သက်ဝင်သော သင်ခန်းစာများကိုလည်း သင့်လျော်သလို အမှတ်ပေးရန်။**

ဝါစေန္တော ဝါစကော သောဘော၊
သောတာ သုဏံဝ သောဘာတော။
သာသန္တော သောဘာတော သတ္တာ၊
သဒါ သောဘာတိ နော ဇိနော။

* စာချမှုသာ၊ စာချဆရာ၊
  လွန်စွာတင့်တယ်သည်။

* စာသင်မှုသာ၊ စာသင်သားမှာ၊
  လွန်စွာတင့်တယ်သည်။

* ဆုံးမမှုသာ၊ မြတ်ဆရာ၊
  လွန်စွာတင့်တယ်သည်။

* နေ့ရောညပါ၊ တို့မြတ်စွာ၊
  လွန်စွာတင့်တယ်သည်။

"မဟာဂန္ဓာရုံ နာယကချုပ်ဆရာတော်"